ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့၊ (20-1-2011) (၆၅၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ခဲ့

ယင်းဖြစ်ပေါ်တိုးတက်မှုကို စီးပွားရေးပိတ်ဆို့ထားသည့်နိုင်ငံများ အသိအမှတ်ပြုတုံ့ပြန်ရန်လိုအပ် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ရုပ်သိမ်းခြင်းများပြုလုပ်ရန်သင့်ပြီဖြစ်

နေပြည်တော် ဇန်နဝါရီ ၁၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ လုံဘော့မြို့၌ ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးနှင့် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အင်ဒိုနီးရှားသမ္မတနိုင်ငံ လုံဘော့မြို့၌ ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေး ဝန်ကြီးများ သီးသန့်အစည်းအဝေးတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၁၅ ရက် ညပိုင်းတွင် လုံဘော့မြို့ အိုဘရိုင်လုံဘော့ဟိုတယ်၌ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာအာရ်၊ အမ်၊ မာတီ၊ အမ်၊ နာတလီဂါဝါနှင့် ဇနီးတို့က အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဇနီးများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

မဒေးရေလှောင်တမံကျေးဇူးကြောင့် မကွေးတိုင်းဒေသကြီးအနောက်ခြမ်း စိုက်ပျိုးစွမ်းအားထွန်းကား

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
ခင်မောင်သန်း(စက်မှု)

မကွေးတိုင်းဒေသကြီး အနောက်ခြမ်းဒေသများတွင် ရေလှောင်တမံများ ဖြန့်ကြက်တည်ဆောက်ပေးခဲ့ရာ၌ သရက်ခရိုင် ကံမမြို့နယ်၌ မဒေးရေလှောင်တမံကို တည်ဆောက်ပေးခဲ့သည်။

မိမိတို့သတင်းအဖွဲ့သည် မဒေးရေလှောင်တမံ၏ ဆည်ရေသောက်စနစ်ကို ကွင်းဆင်းလေ့လာကြရာ မဒေးရေလှောင်တမံအတွင်း ဆည်ရေအပြည့်ဝင်ရောက်နေပြီး ပတ်ဝန်းကျင်ဒေသများ စိမ်းလန်းသာယာလျက်ရှိသည်ကို တွေ့ရသည်။ မဒေးရေလှောင်တမံတွင် ရေထုတ်ပြွန်နှင့် ရေပိုလွှဲလုပ်ငန်းများပြီးစီးနေပြီး ရေသောက်စနစ်တွင် ပင်မမြောင်းမကြီး ပြီးစီးနေပြီဖြစ်၍ လက်ယာမြောင်းမှ ရေပေးဝေလျက်ရှိသည်။ ယခုအခါ နွေစပါးအတွက် ရေပေးဝေရန် ပြင်ဆင်လျက်ရှိပြီး နွေစပါး ဧက ၄၀၀၀ စိုက်ပျိုးမည်ဖြစ်သည်။ ရေလှောင်တမံသို့ လေ့လာရန်ရောက်ရှိချိန်တွင် ဆည်မြောင်းဌာနက နွေစပါးရေပေးဝေရန် မြောင်းများကိုပြင်ဆင်နေပြီး တောင်သူများက နွေစပါးစိုက်ပျိုးရန် ပြင်ဆင်နေကြသည်ကို တွေ့ရသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳

(20-1)01.pmd 1 1/20/2011, 2:28 AM

၂၀-၁-၂၀၁၁
(ကြာသပတေးနေ့)

ရော်ဘာကုန်ကြမ်း အရည်အသွေးမြှင့်တင်ထုတ်လုပ်

မြန်မာနိုင်ငံတွင် ရေမြေရာသီဥတုကောင်းမွန်သည်။ သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းသည်။ နိုင်ငံတကာဈေးကွက်တွင် စက်မှုကုန်ကြမ်း ရော်ဘာရောင်းဝယ်မှုများ ကျယ်ပြန့်လာနေပြီ။နှစ်ရှည်ပင်ရော်ဘာ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရပေမည်။ ရေမြေအခြေအနေပေးသည့် နေရာဒေသတိုင်းတွင် ရော်ဘာကို စီးပွားဖြစ်စိုက်ပျိုးသင့်သည်။

မွန်ပြည်နယ်တွင် ရော်ဘာစိုက်ပျိုးဖြစ်ထွန်းသော သဘာဝအခြေအနေနှင့် မိုးကောင်းစွာရရှိမှုကြောင့် တစ်နိုင်ငံလုံးတွင် ရော်ဘာအများဆုံး စိုက်ပျိုးထုတ်လုပ်နေသော ဒေသဖြစ်သည်။ မွန်ပြည်နယ်အပြင် တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးများနှင့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင်လည်း ရော်ဘာစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ရာသီဥတုရှိသည်။

မွန်ပြည်နယ်၊ တနင်္သာရီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ရော်ဘာပင်အိုများကိုခုတ်၍ အစေးထွက်ကောင်းသော ဖူးဆက်ပင်များ စိုက်ပျိုးနေကြပြီ။ အစေးအထွက်နည်းသည့်အပင်များနှင့် ရာနှုန်းပြည့် အစေးထွက်သည့်အပင်များကို အားဆေးများ စမ်းသပ်ပက်ဖျန်းအသုံးပြုနေကြပြီ။ တစ်နိုင်ငံလုံးတွင် ရော်ဘာစိုက်ဧက ၁၁ သိန်းကျော်ရှိနေပြီ။ နှစ်စဉ်တိုးချဲ့စိုက်ပျိုးပြီး ရော်ဘာကုန်ကြမ်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

မြန်မာ့ထုတ်ကုန်ရော်ဘာကုန်ကြမ်းများ ဈေးကွက်သို့တင်ပို့ရာတွင် အရည်အသွေးအဆင့်အတန်းမီ ထုတ်လုပ်နိုင်ရေး အလေးထားကြရပေမည်။ ယခုအခါ ရော်ဘာအစေးအထွက်နှုန်းမြင့်မားရေး နောက်ဆုံးပေါ်နည်းပညာရပ်များ အသုံးပြုနေကြပြီ။ ဓာတုဗေဒဆေးမှုန့်အသုံးပြုပြီး အရည်အသွေးမီ ရော်ဘာမှိုင်းခံပြားများ စမ်းသပ်ထုတ်လုပ်လျက်ရှိသည်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ရော်ဘာခြံများတွင် လက်တွေ့စမ်းသပ်သရုပ်ပြသလျက်ရှိသည်။

ယခင်က ရော်ဘာအစေးခဲရာတွင် အက်စစ်အသုံးပြုခဲ့ကြရာ ဘေးထွက်ဆိုးကျိုးများရှိသည်။ အက်စစ်နှင့်ရေ ရောစပ်ဖျော်ရ၍ လုပ်သားများ ထိခိုက်အန္တရာယ်ရှိနိုင်သည်။ ရော်ဘာအစေးအခြောက်ခံရာတွင် အက်စစ်ရေများ စီးကျမှုကြောင့် မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်သည်။ နောက်ဆုံးပေါ်အသုံးပြုနေသည့် ဓာတုဗေဒဆေးမှုန့်ကို အသက်အရွယ်မရွေး လုပ်သားတိုင်းသုံးစွဲနိုင်သည်။ ရော်ဘာပြားချောမွေ့ပြီး အရောင်လှပသည့်အပြင် စီးပွားရေးအရလည်း တွက်ခြေကိုက်ကြောင်း သိရသည်။

နိုင်ငံတော်က ရော်ဘာစိုက်ပျိုးသူများအတွက် မျိုးကောင်းမျိုးသန့်များနှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ကူညီဖြည့်ဆည်းပေးနေပြီ။ နှစ်စဉ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ တိုးတက်လာလျက်ရှိသည်။ ယမန်နှစ်က ရော်ဘာတန်ချိန် နှစ်သောင်းကျော် ထုတ်လုပ်တင်ပို့နိုင်ခဲ့သည်။ နောက်ဆုံးပေါ်နည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဖြန့်ဖြူးပေးခြင်းဖြင့် အရည်အသွေးမီ အဆင့်မြင့်မြန်မာ့ထုတ်ကုန် ရော်ဘာကုန်ကြမ်းများ ပိုမိုထုတ်လုပ်လာနိုင်မည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေတောင်မြို့နယ် ပြည်သူ့ဆေးရုံ အခမဲ့မျက်စိခွဲစိတ်ကွင်းဆင်းကုသခြင်း အခမ်းအနားသို့ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွဋ်နှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့ တက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၁၉

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွဋ်သည် တိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၉ရက် နံနက်ပိုင်းတွင် ရွှေတောင်မြို့နယ် ညောင်ပိုင်းရပ်ကွက် စစ်မှုထမ်းဟောင်းအိမ်ရာသို့ ရောက်ရှိပြီး အိမ်ရာများ ဆောက်လုပ်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့်အတူ ရွှေတောင်မြို့ ပြည်သူ့ဆေးရုံ၌ကျင်းပသည့် အခမဲ့မျက်စိခွဲစိတ်ကွင်းဆင်းကုသခြင်းအခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားတွင် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တာဝန်ရှိသူတစ်ဦးက မျက်စိခွဲစိတ်ကုသခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ လူနာများကိုယ်စား မျက်စိခွဲစိတ်ပြီးလူနာတစ်ဦးနှင့် ဒေသခံပြည်သူတစ်ဦးတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် ဆေးရုံအတွင်း မျက်စိဝေဒနာရှင်များအား မျက်စိစမ်းသပ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ဆေးရုံခွဲစိတ်ခန်းအတွင်း ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် အထူးကုဆရာဝန်ကြီးနှင့် ဆေးကုသမှုခံယူရန်ရောက်ရှိနေသည့် မျက်စိဝေဒနာရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်အားပေးကြသည်။

ထို့နောက် တိုင်းမှူးသည် ဥသျှစ်ပင်မြို့နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး တပ်ရင်းအတွင်း စိုက်ပျိုးမွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ အိမ်ထောင်သည်ရဲမေများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် တီတွတ်ကျေးရွာ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး တပ်ရင်းအတွင်း စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဇန်နဝါရီ ၁၁ရက်တွင် ပြည်မြို့နယ် ငါးရွာကျေးရွာအုပ်စု တောင်သူတစ်ဦး၏ စပါးစိုက်ကွက်သို့ရောက်ရှိပြီး လယ်မြေအတွင်း စပါးကြဲပက်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး သူရဦးအေးမြင့်အား ဝမ်ဂျူးမြို့ အားကစားကောင်စီဒုတိယဥက္ကဋ္ဌ၊ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်အား မြန်မာ့လက်ရွေးစင်မြားပစ်အားကစားအဖွဲ့နှင့် ပူးတွဲလေ့ကျင့်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ ဝမ်ဂျူးမြို့ အားကစားကောင်စီ ဒုတိယဥက္ကဋ္ဌ Mr. Seo Ok Soo၊ ကိုရီးယားသမ္မတနိုင်ငံ GANG WON - DO မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Proff: Mr. Park Young IL နှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၇ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ အားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်ပူးတွဲလေ့ကျင့်ရေးနှင့် ယှဉ်ပြိုင်ရေးနည်းစနစ်များ ဖလှယ်ရေး၊ နှစ်နိုင်ငံအားကစားဆိုင်ရာကိစ္စရပ်များ စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်သွားကြရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး ဝန်ကြီးက ဝမ်ဂျူးမြို့ အားကစားကောင်စီ ဒုတိယဥက္ကဋ္ဌ Mr. Seo Ok Soo နှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်အား ကိုရီးယားသမ္မတနိုင်ငံ ဝမ်ဂျူးမြို့ အားကစားကောင်စီ ဒုတိယဥက္ကဋ္ဌ Mr. Seo Ok Soo၊ ကိုရီးယားသမ္မတနိုင်ငံ GANG WON- DO မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Proff: Mr. Park Young IL နှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။
(အား/ကာ)

ဟိုတယ်စီမံခန့်ခွဲမှုနှင့် ပညာရေး အခွင့်အလမ်းအကြောင်း ဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

Star Resources ဟိုတယ်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကျောင်းက ကြီးမှူးကျင်းပသည့် ပညာရေးဆိုင်ရာ ဟောပြောပွဲကို ဇန်နဝါရီ ၁၅ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel၌ ကျင်းပသည်။

အဆိုပါ ပညာရေးဆွေးနွေးပွဲတွင် ဟိုတယ်လုပ်ငန်းများ အကြောင်းနှင့် အုပ်ချုပ်မှုဆိုင်ရာ ပညာရပ်များအကြောင်းကို London Hotel School College, England မှ ကျောင်းအုပ်ကြီး Mr. Rod Hardingham က Qualify to Work Internationally with International Qualification ခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားသည်။

London Hotel School College သည် ကျောင်းလခများကို အရစ်ကျပေးသွင်းနိုင်သော အခွင့်အရေး၊ လန်ဒန်မြို့ပေါ်တွင် ဟိုတယ်အုပ်ချုပ်မှုပညာရပ်ဆိုင်ရာ ဒီပလိုမာကိုသင်ယူရင်း ပထမစာသင်နှစ်တွင် ဟိုတယ်၌ တရားဝင်အချိန်ပိုင်းအလုပ်လုပ်ခွင့်ရှိသောကြောင့် အတွေ့အကြုံနှင့် ကျောင်းစရိတ်ဝင်ငွေရရှိနိုင်ခြင်း၊ ဒုတိယနှစ်တွင် အချိန်ပြည့် အလုပ်သင်အတွေ့အကြုံနှင့် လစာပြည့်ရရှိနိုင်ခြင်း၊ ဒီပလိုမာရပြီးပါက အလုပ်လုပ်ခွင့်ရရှိနိုင်ခြင်း၊ နောက်ထပ်တစ်နှစ် ထပ်တက်ရုံဖြင့် B.A, Hons (Hotel Management-UK) ဒီဂရီကို ရရှိနိုင်ခြင်းအစရှိသော အခွင့်အလမ်းများ ရှိမည်ဖြစ်သည်။

Business Management ကို စိတ်ဝင်စားသော လူငယ်များအတွက်လည်း Diploma in Management Studies ကို တစ်နှစ်တက်ရောက်ပြီးလျှင် MBA Program ဆက်လက်တက်ရောက်နိုင်သော အခွင့်အရေးရရှိနိုင်သည်။

လူငယ်များအနေဖြင့် မိမိတို့တက်ရောက်လိုသည့် အပတ်စဉ် (Intake) မတိုင်မီ နှစ်လခန့် ကြိုတင်အချိန်ယူရုံဖြင့် ကျောင်းလျှောက်ထားခြင်း၊ Tier 4 Student Visa ရရှိရန် သေချာသော Highly Trusted Sponsor Rating ရရှိထားသဖြင့် Visa လျှောက်ထားခြင်းကိစ္စများ၊ ကျောင်းလခများငွေလွှဲခြင်း ကိစ္စများကို ကြန့်ကြာမှုမရှိဘဲ အပြီးအစီးဆောင်ရွက်နိုင်သည်။

အသေးစိတ်သိရှိလိုပါက Star Resources Hospitality Management Academy ဖုန်း - ၅၂၃၆၂၃၊ ၅၂၃၂၀၀ နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

(အောက်ပုံ)

အထက (၃) မြောင်းမြ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

မြောင်းမြ ဇန်နဝါရီ ၁၉

မြောင်းမြမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ယခင်ကာတိုလိပ်ကျောင်း)ကျောင်းသား၊ ကျောင်းသူများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၂ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများက အသက်(၆၀)ပြည့်ပြီး အငြိမ်းစားယူပြီးဖြစ်သော မိမိတို့၏ ဆရာကြီး၊ ဆရာမကြီးများကို ကျေးဇူးသိတတ်ကျေးဇူးဆပ်သည့်အနေဖြင့် ပူဇော်ပွဲသို့ မဖြစ်မနေ တက်ရောက်ပူဇော်ကြရန်နှင့် အမှတ်(၃)အထကတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် အပူဇော်ခံကြွရောက်ကြပါရန် နှိုးဆော်ထားကြောင်းသိရသည်။ (သတင်းစဉ်)

ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု၌ ကျန်းမာရေးနှင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ပြည်သူလူထုအခြေပြု (ရွေ့လျား) ကျန်းမာရေး/ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်းဆိုင်ရာ လုပ်ငန်းကွင်းဆင်းဆောင်ရွက်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၅ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သဇင်နွယ်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အကြောင်း၊ မေတ္တာစမ်းရေဆေးခန်း တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဒေါ်စမ်းစမ်းလှိုင်က ရွေ့လျားကျန်းမာရေးနှင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်းဆိုင်ရာလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ရခြင်းနှင့် မေတ္တာစမ်းရေဆေးခန်း၏ ဝန်ဆောင်မှုများအကြောင်း၊ PMCT စီမံချက်အရာရှိ ဒေါက်တာဒေါ်ခင်သန်းအေးက မိခင်မှကလေးသို့ ပိုးကူးစက်မှုမှကာကွယ်ခြင်း စီမံချက်အကြောင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာမျိုးမင်းဦးက အန္တရာယ်ရှိသော ကိုယ်ဝန်ဆောင်လက္ခဏာများအကြောင်းနှင့် သားဆက်ခြားခြင်း အကြောင်းတို့ကို ရှင်းလင်းပြောကြားကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှလှဝင်းနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင် ၃၀ တို့ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တက်ရောက်လာသူ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခြင်း၊ ကလေးအနှီး၊ အိုင်အိုဒင်းဆားနှင့် ဆပ်ပြာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး တက်ရောက်လာသူများအား အိုင်အိုဒင်းဆားနှင့် ဆပ်ပြာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

☆ **မြန်မာနိုင်ငံမှ**

အာဆီယံ အတွင်းရေးမှူးချုပ်တို့အား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီးသည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် အိုဘရိုင်လုံဘော့ ဟိုတယ်၌ ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တက်ရောက်၍ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေး၊ အာဆီယံထိပ်သီးအစည်းအဝေးများ ကျင်းပသည့်ပုံစံ ပြင်ဆင်သတ်မှတ်ရေး၊ အရှေ့အာရှ ထိပ်သီးအစည်းအဝေး ကျင်းပရေးကိစ္စနှင့် ကမ္ဘာ့နိုင်ငံများ အသိုက်အဝန်းတွင် အာဆီယံ အသိုက်အဝန်း၏ ကဏ္ဍမြှင့်တင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်း ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။ ယင်းသီးသန့်အစည်းအဝေးတွင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် ရွေးကောက်ပွဲအပြီးကာလ နောက်ပိုင်း မြန်မာနိုင်ငံတွင်း အပြုသဘော ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရာတွင် မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်း အပါအဝင် အပြုသဘော ဖြစ်ပေါ်တိုးတက်မှုများကို ကြိုဆိုကြောင်း၊ယင်းဖြစ်ပေါ်တိုးတက်မှုကို စီးပွားရေးပိတ်ဆို့ထားသည့် နိုင်ငံများ အနေဖြင့် အသိအမှတ်ပြု တုံ့ပြန်ရန် လိုအပ်ကြောင်းနှင့် အနောက်နိုင်ငံများ အနေဖြင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ရုပ်သိမ်းခြင်းများ ပြုလုပ်ရန် သင့်ပြီဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ကြသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် မွန်းလွဲပိုင်းတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့နှင့် အတူ လုံဘော့မြို့ ပင်လယ်ကမ်းခြေ၌ ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့် အစည်းအဝေး အထိမ်းအမှတ်အဖြစ် သန္တာကျောက်ခက်ပင်များနှင့် သစ်ပင်များ စုပေါင်းစိုက်ပျိုးခြင်းနှင့် လိပ်ငယ်များအား ပင်လယ်တွင်းသို့ လွှတ်ခြင်း အစီအစဉ်တွင် ပါဝင်တက်ရောက်ခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် Sheraton Seng gi gi Beach Resort Hotel ၌ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အနောက် နူဆာတန်ဂါရာ ပြည်နယ်အုပ်ချုပ်ရေးမှူးတို့က ပူးတွဲ၍ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် အိုဘရိုင်လုံဘော့ ဟိုတယ်၌ ဆက်လက်ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးနှင့် အာဆီယံ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံ ပေါင်းစည်း ဆက်သွယ်ရေး ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ၏ လုပ်ငန်းတာဝန် ပြဋ္ဌာန်း သတ်မှတ်ချက်များ (Terms of Reference) ကို စဉ်းစားဆွေးနွေး အတည်ပြုခဲ့ကြပြီး အာဆီယံပေါင်းစည်း ဆက်သွယ်မှု အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ထောက်ခံတင်ပြချက်များအား ဆက်လက်အကောင်အထည်ဖော်ရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် အင်ဒိုနီးရှားနိုင်ငံ လုံဘော့မြို့၌ ရှိနေစဉ် ဇန်နဝါရီ ၁၅ ရက်တွင် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာရ်၊ အမ်၊ မာတီ၊ အမ်၊ နာတလီဂါဝါနှင့် နှစ်နိုင်ငံချင်း သီးခြားတွေ့ဆုံခဲ့ပြီး အာဆီယံရေးရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် လုံဘော့မြို့မှ အပြန်ခရီး၌ ဂျကာတာမြို့၌ ခရီးတစ်ထောက်ရပ်နားစဉ် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဉာဏ်လင်း၊ မြန်မာသံရုံးနှင့် အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတို့မှ ဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာ မှာကြားမှုများ ပြုလုပ်ခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များလည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာရ်၊အမ်၊ မာတီ၊အမ်၊ နာတလီဂါဝါနှင့် အင်ဒိုနီးရှားနိုင်ငံ လုံဘော့မြို့၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

မုံရွေး-ကြေးမုံ အခြေခံပညာအထက်တန်းကျောင်း နဝမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မုံရွေး-ကြေးမုံ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူ ပေါင်းများ၏ နဝမအကြိမ် အာစရိယ ပူဇော်ပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ပညာရေးမှူး(အငြိမ်းစား) ဆရာကြီးဦးခင်မောင်ကိုက အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ချီးဖြင့်ကန်တော့ကြသည်။

ထို့နောက် ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးသန်းရွှေနှင့် ဆရာမကြီးဒေါ်မြကြူတို့က ဩဝါဒစကား ပြောကြားကြသည်။ (သတင်းစဉ်)

မုံရွာမြို့နယ်ရှိ မုံရွေး-ကြေးမုံ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နဝမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပစဉ်။
(သတင်းစဉ်)

ရန်ကုန်မြို့ ရွှေတောင်ကြား ကမ္ဘောဇလမ်းနေ ဒေါက်တာခင်မောင်အေး (ဇီဝိတ)၊ ဇနီး ဒေါ်အေးအေးမော်၊ သား ဇော်မျိုးဆန်း(နိုင်ငံခြားရေး)၊ သမီး မန္တာခင်မောင်အေး၊ မြေး မှူးပိုမို (စန္ဒာရတနာကုမ္ပဏီလီမိတက်)တို့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ အသစ်ဆောက်လုပ်မည့် သံဃာ့ဆေးကုသဆောင်ကြီး အတွက် အလှူငွေကျပ် ၂၄ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးနှင့် ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်) မှ ကြီးမှူးကျင်းပသည့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူး၊ ဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီ တွင် အမှတ် (၅၇) အာဇာနည်လမ်း ဗဟန်းမြို့နယ်ရှိ ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်) ခမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူး၊ ရိုးရိုးအောင်မြင်သူ အသင်းသူ၊ အသင်းသား သားသမီးများ၏ အမှတ်စာရင်းနှင့် မိဘအမည်ကို ဖော်ပြ၍လည်းကောင်း၊ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက် (၇၉)နှစ် ပြည့်ပြီးသူ သက်ကြီးကန်တော့ခံသစ် အမည်စာရင်းကိုလည်းကောင်း၊ နိုင်ငံတော်မှ ချီးမြှင့်သည့် ဘွဲ့ထူးဂုဏ်ထူး ဆုတံဆိပ် ချီးမြှင့်ခံရသူများသည် အထောက်အထားများဖြင့်လည်းကောင်း ဦးမျိုးလွင် ဖုန်း-၅၄၄၂၇၃၊ ဦးစိုးသိန်း ဖုန်း-၂၄၅၉၂၃၊ ဒေါ်ခင်စောလှ ဖုန်း-၇၁၀၄၅၆၅၀၊ ဒေါ်ခင်ရီ ဖုန်း-၀၉-၁၆၃၉၆ တို့သို့ ဇန်နဝါရီ ၁၈ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

အားကစားကလောင်ရှင်ကြီးများအား ပူဇော်ကန်တော့မည်

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် အားကစားစာပေများကို နှစ်ပေါင်းများစွာ ရေးသားခဲ့ကြသော အသက်(၇၀)နှင့်အထက် သက်ကြီးဝါရင့် အားကစားကလောင်ရှင်ကြီး ၁၄ ဦးတို့အား တတိယအကြိမ် ဂုဏ်ပြုကန်တော့ပွဲကို မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်က ဇန်နဝါရီ ၂၃ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လေးထောင့်ကန်လမ်း လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဝင်းအတွင်းရှိ ဒက္ခိဏာရုံကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အားကစားကလောင်ရှင်များနှင့် အားကစားမီဒီယာလောကမှ ပုဂ္ဂိုလ်များ တက်ရောက်ဂါရဝပြုနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အထက(၂) ပုဇွန်တောင်၏ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၇ ရက်က ကျင်းပရာ အလှူရှင်ဒေါ်သန္တာလွင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ခင် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (ကြေးမုံ)

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက် မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင်ဈေး အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ဒုတိယရဲမှူးနှင့် အမှုဆောင်အရာရှိတို့ ကွင်းဆင်းစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အင်ဂျင်နီယာသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂) ကျွမ်းကျင်မှု အခြေခံသင်တန်း အမှတ်စဉ်(၂/၂၀၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ဗဟိုသင်တန်းကျောင်း (လှိုင်သာယာ)သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၈၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာကြည့်တိုက်မြေနေရာ ကြည့်ရှုစစ်ဆေး

မင်းတုန်း ဇန်နဝါရီ ၁၉

သရက်ခရိုင် မင်းတုန်းမြို့နယ် ထောက်ရစ်အုပ်စု ကျီးကန်ကျေးရွာ၌ နိုင်ငံတော်ပံ့ပိုးငွေကျပ် ၁၀ သိန်းဖြင့် ဆောက်လုပ်မည့် ပညာဘဏ္ဍာစာကြည့်တိုက် ဆောက်လုပ်မည့် မြေနေရာအား ဇန်နဝါရီ ၁၇ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးသာညွန့်၊ ဒုတိယရဲမှူး သာဇော်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးခင်မောင်ကြည်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးခင်ဝင်းတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်းတွင် ၇ ဒသမ ၄အဆင့်ရှိ ငလျင်လှုပ်

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၉

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းတွင် ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက ပြင်းအား ၇ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်ရာ အိမ် ၁၀လုံးထက်မနည်း ပျက်စီးသွားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အများဆုံးပျက်စီးမှုသည်ဘလူချီစတန်ပြည်နယ် ကွတ်တားမြို့မှဖြစ်ကြောင်း၊ သို့သော် ပျက်စီးဆုံးရှုံးမှုနှင့် ပတ်သက်သော သတင်းအသေးစိတ်ကိုမူ လောလောဆယ်၌ မသိရသေးဟု သတင်း၌ ပါရှိသည်။

ငလျင်ဒဏ်ကြောင့်သုံးထပ်အဆောက်အအုံတစ်လုံးပြိုကျသွားကြောင်းကရာချိမြို့မှလာသောသတင်းအရ ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြသော်လည်း လူအသေအပျောက်နှင့် ပတ်သက်၍ ပြည့်စုံစွာမသိရသေးဟုဆိုသည်။

ငလျင်သည် ဘလူချီစတန်ပြည်နယ် ခါရန်းဒေသကို ဗဟိုပြု၍လှုပ်ကြောင်း၊ ယင်း၏နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ရန် အလားအလာရှိနေ၍ မိုးလေဝသဌာနက သတိပေးထားကြောင်း မိုးလေဝသဌာန၏ပြောကြားချက်ကို ကိုးကား၍ ဒေသခံသတင်းမီဒီယာများက ဖော်ပြကြသည်။

အဆိုပါငလျင်သည် ဇန်နဝါရီ ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၁နာရီ ၂၃မိနစ်က လှုပ်ခြင်းဖြစ်သည်။ ကွတ်တား၊ ကရာချိနှင့် မူလတန်မြို့များအပါအဝင် ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်းနှင့် တောင်ပိုင်းမှမြို့များသည် ယင်းငလျင်ဒဏ်ကို အများဆုံးခံကြရသည်။ ထို့မျှသာမက နိုင်ငံအရှေ့ပိုင်းရှိ လာဟိုးမြို့၌လည်း ပြင်းထန်သောတုန်ခါမှုဒဏ်ကို ခံရသည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇန်နဝါရီ ၁၈ ရက်က တရုတ်သမ္မတ ဟူကျင်တောင် ဝါရှင်တန် ဆင်ခြေဖုံးရှိ အင်ဒရူးလေတပ်စခန်းလေဆိပ်သို့ ဆိုက်ရောက်လာစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်သမ္မတ ဟူကျင်တောင် အမေရိကန်သို့ ရောက်ရှိ

ဝါရှင်တန် ဇန်နဝါရီ ၁၉

တရုတ်သမ္မတ ဟူကျင်တောင်သည် နိုင်ငံတော်ခရီးစဉ်အဖြစ် အမေရိကန်နိုင်ငံသို့ ရောက်ရှိလာသည်။

သမ္မတဟူကျင်တောင်ကို ဝါရှင်တန်ဆင်ခြေဖုံးရှိ အင်ဒရူးလေတပ်စခန်းလေဆိပ်၌ ဇန်နဝါရီ ၁၈ ရက်တွင် အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်နှင့် ဂုဏ်ပြုတပ်ဖွဲ့က ကြိုဆိုခဲ့ကြသည်။ ကုန်သွယ်ရေး၊ လုံခြုံရေးနှင့် စီးပွားရေးအရ အင်အားကြီးနှစ်နိုင်ငံကြားတွင် ပြဿနာများ ရှိနေသော်လည်း ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရန် ရည်ရွယ်၍ သမ္မတဟူကျင်တောင် အမေရိကန်နိုင်ငံသို့ လာရောက်လည်ပတ်ခြင်းဖြစ်သည်။

တရုတ်သမ္မတသည် အိမ်ဖြူတော်၌ အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့်တွေ့ဆုံမည်ဖြစ်သည်။ ၁၃ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် တရုတ်ခေါင်းဆောင်အတွက် နိုင်ငံတော်ညစာစားပွဲကို တည်ခင်းဧည့်ခံရန် အိမ်ဖြူတော်က စီစဉ်ထားသည်။

ပရက်စ်တီဗွီ။

အာဖဂန်နစ္စတန်တောင်ပိုင်း၌ စစ်သွေးကြွ ၂၇ ဦးအားသုတ်သင်

လာ့ချ်ကာဂါ့(အာဖဂန်နစ္စတန်) ဇန်နဝါရီ ၁၉

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မန်ပြည်နယ်၌ တနင်္လာနေ့ ညပိုင်းက စစ်ဆင်ရေးပြုလုပ်ရာတွင် အာဖဂန်ရဲတပ်ဖွဲ့ဝင်များက စစ်သွေးကြွ ၂၇ ဦးအား သုတ်သင်ခဲ့ကြောင်း အင်္ဂါနေ့တွင် စစ်ဘက်က ထုတ်ဖော်ပြောကြားသည်။

အဆိုပါစစ်ဆင်ရေးကို တနင်္လာနေ့ ညပိုင်းက စတင်ခဲ့ပြီး ဆန်ဂင်၊ မူဆာကာလာနှင့် ဂျီရီရှက်ခရိုင်များအတွင်းရှိ တာလီဘန်စစ်သွေးကြွများအား တိုက်ခိုက်ရာ စစ်သွေးကြွတပ်မှူးနှစ်ဦး အပါအဝင် စစ်သွေးကြွ ၂၇ဦးသေဆုံးပြီး ၁၃ ဦး ဒဏ်ရာဖြင့် ဖမ်းဆီးရမိသည်ဟု ဆိုသည်။

ဂျီရီရှက်ခရိုင်တွင် စစ်သွေးကြွ ၁၃ ဦး၊ ဆန်ဂင်ခရိုင်တွင် ၁၂ ဦးနှင့် မူဆာကာလာခရိုင်တွင် နှစ်ဦး သေဆုံးခဲ့သည်ဟု သိရသည်။

ယင်းစစ်ဆင်ရေးတွင် တပ်ဖွဲ့ဝင်များ သေကျေဒဏ်ရာရရှိမှုမရှိကြောင်း၊ စစ်သွေးကြွများအား ဆက်လက်ချေမှုန်းသွားမည်ဖြစ်ကြောင်း ဖော်ပြသည်။

ဆင်ဟွာ။

ဇန်နဝါရီ ၁၈ ရက်က အာဖဂန်နစ္စတန် ကန်ဒါဟာပြည်နယ်၌ စစ်ဆင်ရေးဆင်နွှဲနေသော အာဖဂန်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွား လူနှစ်ဦးထက်မနည်းသေဆုံး၍ လူအချို့ဒဏ်ရာရရှိ

ပက်ရှ်ဝါ ဇန်နဝါရီ ၁၉

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းတွင် ဇန်နဝါရီ ၁၉ရက် နံနက်ပိုင်းက ဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ လူနှစ်ဦးထက်မနည်းသေဆုံး၍ လူအချို့ဒဏ်ရာရရှိသွားကြောင်း သက်ဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

ခိုင်ဘာ-ပက်တန်ခဝါပြည်နယ် မြို့တော်ပက်ရှ်ဝါမြို့ နိုသီယာဒေသရှိ ပုဂ္ဂလိကစံပြကျောင်းအပြင်ဘက်တွင် ဗုံးပေါက်ကွဲခြင်းဖြစ်သည်။ ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူအများစုမှာ ကလေးများဖြစ်သည်ဟု ဒေသဆိုင်ရာမှလာသော သတင်းများတွင် ဖော်ပြသည်။

ပြောင်းရွှေ့ပေး

ဗုံးပေါက်ကွဲမှုဖြစ်ပွားရာနေရာသို့ ကယ်ဆယ်ရေးအဖွဲ့များ လျင်မြန်စွာရောက်ရှိလာပြီး ဒဏ်ရာရရှိသူများကို လေဒီရီးဒင်းဆေးရုံသို့ ပြောင်းရွှေ့ပေးကြောင်း သိရသည်။

ဗုံးပေါက်ကွဲမှုပြင်းထန်၍ ပေါက်ကွဲသံကို ပက်ရှ်ဝါမြို့ရှိ ဝေးကွာသောဒေသများတွင်ပင် ကြားကြရကြောင်း မျက်မြင်ကြုံတွေ့သူများက ပြောကြားသည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

လက်လုပ်ဗုံးများပြုလုပ်နေချိန် ဗုံးပေါက်ကွဲ၍ ၁၂ဦးသေဆုံး

ကဘူး ဇန်နဝါရီ ၁၉

အာဖဂန်နစ္စတန်နိုင်ငံအနောက်မြောက်ဘက် ဂိုမက်မြို့၌ စစ်သွေးကြွများက လက်လုပ်ဗုံးများ ပြုလုပ်နေချိန်အတွင်း ပေါက်ကွဲမှုဖြစ်ပွားရာ ၁၂ဦး သေဆုံးကြောင်းအာဖဂန်စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက ဇန်နဝါရီ ၁၉ရက်တွင် ပြောကြားကြသည်။ တာ့ခ်မင်နစ္စတန်နိုင်ငံနှင့် ထိစပ်နေသော မာယက်ပြည်နယ် ဂိုမက်မြို့၌ ဇန်နဝါရီ ၁၈ရက်က ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပေါက်ကွဲမှုကြောင့် လူခြောက်ဦး ဒဏ်ရာရရှိကြောင်း မြို့တော်ကဘူးရှိ ပြည်ထဲရေးဝန်ကြီးဌာနကပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးရသူများ အနက်ဒေသဆိုင်ရာ စစ်သွေးကြွခေါင်းဆောင်နှစ်ဦး ပါဝင်သည်။

အာဖဂန်နစ္စတန်၌ စစ်သွေးကြွများက အိုင်အီးဒီခေါ် လက်လုပ်ဗုံးများအသုံးပြုကာ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ကို တိုက်ခိုက်လျက်ရှိသည်။ **အင်တာနက်။**

ကရာချိ၌ အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးဆင်နွှဲ မသင်္ကာဖွယ်ရာ လူပေါင်း ၃၀၀ အထိ ထိန်းသိမ်း

ကရာချိ ဇန်နဝါရီ ၁၉

ပါကစ္စတန်နိုင်ငံရှိ အကြီးဆုံးမြို့ကြီးဖြစ်သော ကရာချိမြို့တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးတစ်ရပ်ကို ဇန်နဝါရီ ၁၈ ရက်က ပြုလုပ်သည်။

ပါကစ္စတန်တပ်ဖွဲ့ဝင်များသည် ကရာချိမြို့ အိုရန်ဂီရပ်ကွက်၌ တစ်အိမ်တက်ဆင်း ရှာဖွေခဲ့ရာတွင် မသင်္ကာဖွယ် လူပေါင်း ၃၀၀ အထိကို ထိန်းသိမ်းခဲ့ပြီး လက်နက်ပုန်းအများ အပြားကို သိမ်းဆည်းရမိခဲ့သည်။

ကရာချိမြို့တွင် ပြီးခဲ့သည့် ရက်သတ္တတစ်ပတ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူပေါင်း ၄၀ ကျော် သေဆုံးခဲ့ရသည်။

ဂိုဏ်းဂဏတိုက်ခိုက်

လူဦးရေ ၁၈ သန်း နေထိုင်ရာ ကရာချိမြို့သည် ပါကစ္စတန်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုအများဆုံးပေါ်ပေါက်သော မြို့ဖြစ်သည်။ နိုင်ငံရေးပါတီများအကြား ဂိုဏ်းဂဏတိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားခဲ့သည်။

ကရာချိမြို့ရှိ အိုရန်ဂီရပ်ကွက်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားခဲ့သည်။

တစ်အိမ်တက်ဆင်းရှာဖွေ

အဆိုပါ စစ်ဆင်ရေးတွင် တပ်ဖွဲ့ဝင် ၁၅၀၀ ခန့် ပါဝင်ပြီး တစ်အိမ်တက်ဆင်း ရှာဖွေခဲ့ကြောင်း ကြည်းတပ်ရိန်းဂျားတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဖာရောက်အီလားက ပြောကြားသည်။

မိမိတို့၏စစ်ဆင်ရေးရည်မှန်းချက် ပြည့်မြောက်အောင်မြင်သည်အထိ စစ်ဆင်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အင်တာနက်။**

သမ္မတဇာဒါရီ၏ အသက်အန္တရာယ်လုံခြုံရေး ပါကစ္စတန်အစိုးရအဖွဲ့ စဉ်းစား

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၉

ပါကစ္စတန်သမ္မတ အဆစ်အလီဇာဒါရီ၏ အသက်အန္တရာယ်လုံခြုံရေးအတွက် အမေရိကန် အထူးလုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်း၏ လုံခြုံရေးကို တာဝန်ယူရန် သင့်၊ မသင့် ပါကစ္စတန်အစိုးရအဖွဲ့က စဉ်းစားသုံးသပ်လျက်ရှိကြောင်း ဇန်နဝါရီ ၁၉ရက် မီဒီယာသတင်းများတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ၌ ပန်ဂျပ်ပြည်နယ် အုပ်ချုပ်ရေးမှူး ဆယ်လ်မန်တာဆီရာ လုပ်ကြံခံခဲ့ရသည့်ဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် သမ္မတဇာဒါရီအား အမေရိကန်အထူးလုံခြုံရေးတပ်ဖွဲ့ဝင်များက စောင့်ကြပ်ပေးရန် ပါကစ္စတန်အစိုးရက စဉ်းစားသုံးသပ်နေကြောင်း ယင်းနိုင်ငံ၌ ထုတ်ဝေသော အိပ်စပရက်ထရီဗျွန်းသတင်းစာက ရေးသားဖော်ပြသည်။

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဇန်နဝါရီ ၁၉

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဇန်နဝါရီ ၁၉ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၅၇၈ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၄၀၈၀၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၅၇၈ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၀၈၀၄ ဦး

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၉

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဇန်နဝါရီ ၁၉ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၄၇၁၇ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၅၇၀၃ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၄၇၁၇ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၅၇၀၃ ဦး

အင်တာနက်။

ဝန်ကြီး ဦးခင်မောင်မြင့် ပြင်ဦးလွင်-မိုးကုတ်ကားလမ်းအား ကတ္တရာလမ်းအဆင့် ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်-မိုးကုတ် ကားလမ်းတစ်လျှောက် လမ်းချဲ့ခြင်း၊ ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၃၆/၆)မှ (၄၄/၀)အထိ ရောရွှေဝါကုမ္ပဏီက ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကတ္တရာခင်းရာတွင် သတ်မှတ်ထားသည့် ၁၂ ပေ ပြည့်မီအောင် ရရှိရေး၊ လမ်းပခုံးဘယ်ညာ သုံးပေစီ ပြည့်မီရေး တိုင်းတာနေမှုတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လမ်းတစ်လျှောက် စက်ယန္တရားများဖြင့် တောင်ကြောများ ဖြတ်ထုတ်ခြင်း၊ လမ်းအနိမ့်အမြင့် ဖြေခြင်း၊ တောင်ပေါ်လမ်း ၃၄ ပေ အကျယ်ချဲ့ခြင်း လုပ်ငန်းများနှင့် မိုင်တိုင်အမှတ်(၅၃/၄)မှ (၆၀/၀)အထိ B.M.E ကုမ္ပဏီက စက်ယန္တရားများဖြင့် မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိုင်တိုင်အမှတ် (၆၃/၄) နှင့် (၆၃/၅)ကြားတွင် တောင်ပေါ်လမ်း ၃၄ ပေ အကျယ်ချဲ့ထားမှု၊ မိုင်တိုင်အမှတ် (၆၈/၁)နှင့် (၆၈/၂)ကြားတွင် စက်ယန္တရားများဖြင့် တောင်ကြောများ ဖြတ်ခြင်းနှင့် မြေကြီးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ်(၇၀/၄) ရှိ လဲကြီးရွာအနီး နန့်ပန်ချောင်းတံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြင်ဦးလွင်-မိုးကုတ်ကားလမ်းသစ်သည် အရှည် ၉၇ မိုင် ခုနစ်ဖာလုံရှိပြီး လမ်းသားအကျယ် ၃၄ ပေ၊ ကတ္တရာလမ်း ၁၂ ပေနှင့် လမ်းပခုံး ဘယ်၊ ညာ သုံးပေစီ အဆင့်အထိ ဖောက်လုပ်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင်အဖွဲ့ တစ်ဖွဲ့၊ အထူးအဖွဲ့ တစ်ဖွဲ့၊ ကုမ္ပဏီ အဖွဲ့ ၁၀ ဖွဲ့ စုစုပေါင်း ၁၂ဖွဲ့ဖြင့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် နေ့၊ ညမပြတ် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြင်ဦးလွင်-မိုးကုတ် ကားလမ်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ရေနုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အထက လှိုင်ရတနာခန်းမ၌ ဒီဇင်ဘာ ၁၉ ရက်က (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲတွင် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြရာ ကန်တော့ခံဆရာကြီးဦးလှဦး သြဝါဒစကားပြောကြားစဉ်။

(ကြေးမုံ)

အလံဖြူလေးနှင့် ကျွန်မ ဘာသာပြန်စာအုပ် ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၉

အိုကီနာဝါကျွန်းသူ တိုမီကိုဟိဂ ရေးသားသည့် The girl with the white flag အား ဉာဏ်လင်းတင့် ဘာသာပြန်ဆိုသည့် အလံဖြူလေးနှင့် ကျွန်မ စာအုပ်ကို ဖူဂျီယာမစာအုပ်တိုက်က ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းစာအုပ်ကို ၂၀၀၃ ခုနှစ်က ပထမအကြိမ်ထုတ်ဝေခဲ့ပြီး စာရေးသူ တိုမီကိုဟိဂ၏ ခြောက်နှစ်သမီးအရွယ်က တွေ့ကြုံခဲ့သည့် စစ်အတွင်းမှ တုန်လှုပ်ချောက်ချားဖွယ် အဖြစ်အပျက်ကို ပြန်လည် ရေးပြထားခြင်းဖြစ်ကြောင်း၊ ငယ်စဉ်က အတွေ့အကြုံဟောင်းများကို ပြန်ပြောချင်စိတ်မရှိ၍ ခင်ပွန်းသည်ကိုပင် မပြောပြဘဲ ရေငုံနှုတ်ပိတ်နေခဲ့ရာမှ မီဒီယာများတွင် ၎င်း၏ အလံဖြူကိုင်ထားသော ငယ်စဉ်က ဓာတ်ပုံကို မိမိတို့ထင်ရာ ဝေဖန်ရေးသားကြသဖြင့်သာ အဖြစ်မှန်ကို ဖော်ထုတ်ရေးသားခဲ့ခြင်းဖြစ်ကြောင်း၊ စိတ်ဝင်စားဖွယ်၊ ရင်နင့်ဖွယ်၊ ကြည်နူးဖွယ် ခံစားမှုပေါင်းစုံကို ပေးစွမ်းနိုင်သည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်ကြောင်း သိရသည်။

စာအုပ်မှာယူလိုပါက ဖူဂျီယာမစာအုပ်တိုက် အမှတ်(၇၂) တာဝတိံသာလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၂၀၃၇၅ နှင့် ၀၉-၅၀၇၈၄၀၆ တို့သို့ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဝါဏိဇ္ဇဘွဲ့ရများအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ဗိုလ်တထောင်မြို့နယ် လမ်း(၅၀) အောက်လမ်း အမှတ်(၃၇/၄၁) အသင်းတိုက်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများနှင့် B.Com, B.Act, B.B.A ဘွဲ့ရများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(ကြေးမုံ)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမက(၉)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင့် ၂၀၁၀-၂၀၁၁ ဘက်စုံထူးချွန်ဆုပေးပွဲတွင် စတုတ္ထတန်းမှ သင်္ချာပထမဆုရရှိသူ မောင်ဘုန်းမြတ်ကောင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းတင် ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

သီပေါမြို့နယ် ဟိုမော်ရွာမှ လူကုန်ကူးသည့် လင်မယားအပေါ် ပြစ်ဒဏ်ချမှတ်ပြီး လူကုန်ကူးခံရသူနှစ်ဦးအား နစ်နာမှုလျော်ကြေးပေးအပ်ခဲ့

နေပြည်တော် ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် ဟိုမော်ရွာသား ဦးဆံကောနှင့် ဇနီး မနန်းလီတို့သည် ၂၀၀၉ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် မxxxxxx (၁၃)နှစ်နှင့် မxxxxxx (၁၅)နှစ်တို့အား သီပေါမြို့ ဟိုခိုကျေးရွာနေ မခမ်းအောင်ထံ ငွေကျပ် ၂၄ သိန်းဖြင့် ရောင်းစားခဲ့ကြောင်း၊ အဆိုပါ အမျိုးသမီးငယ် နှစ်ဦးအား မခမ်းအောင်က တရုတ်နယ်စပ်ကျေးရွာ ဟူကျင့်၌ ရောင်းချရန် စီစဉ်နေစဉ် တရုတ်နိုင်ငံရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ပြီး လူကုန်ကူးခံရသူ နှစ်ဦးအား ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လူကုန်ကူးမှုကို ကျောက်မဲခရိုင် တရားရုံးက အမှုဖွင့်စစ်ဆေးပြီး တရားခံ ဦးဆံကောအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၂ နှစ်၊ ဇနီး မနန်းလီအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀နှစ်၊ အမျိုးသမီးငယ် နှစ်ဦးအား ဝယ်ယူခဲ့သူ မခမ်းအောင်အား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၂ နှစ် ကျခံရန် ၂၀၁၀ခုနှစ် ဇူလိုင် ၂၁ ရက် တွင် အမိန့်ချမှတ်ခဲ့သည်။

ထို့အပြင် နစ်နာသူ လူကုန်ကူးခံရသူ အမျိုးသမီးငယ် နှစ်ဦးတို့အား အမှုတွင် တရားခံများထံမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကျပ် ၁၅၀၆၀၀၀ တန်ဖိုးရှိ ရွှေထည်များကို နစ်နာမှုလျော်ကြေးအဖြစ် ပေးအပ်သည့် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေကို ၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေပုဒ်မ (၃၃)အရ နစ်နာသည့် လူကုန်ကူးခံရသူများအား အဆိုပါအမှု၌ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေးပစ္စည်းမှ နစ်နာကြေးပေးနိုင်ကြောင်း ပြဋ္ဌာန်းချက်အရ ပထမဆုံးအကြိမ် ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဗောဓိတစ်ထောင်ဘူတာအဝင်လမ်း ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ (အင်ဂျင်နီယာမှူး) ဦးသင်းမင်းလတ် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇန်နဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် စုပေါင်းလှူဒါန်းပွဲသို့ ရထားဖြင့် အသွား၊ အပြန်ခရီးစဉ်ကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၁ ရက်ထိ အသင်းမှ ပို့ဆောင်ပေးမည်ဖြစ်၍ လိုက်ပါလှူဒါန်းလိုသူများ ဇန်နဝါရီ ၃၁ ရက်(တနင်္လာနေ့)နောက်ဆုံးထားပြီး ဥက္ကဋ္ဌ ဦးသောင်းစိန် ဖုန်း-၅၄၂၆၈၄၊ ၂၂၃၅၈၇၊ အတွင်းရေးမှူး ဦးမြင့်တင် ဖုန်း-၅၆၉၅၀၆၊ ၀၉၅၁၃၂၁၁၇၊ အမှုဆောင် ဦးတင်ဝင်း ဖုန်း-၅၅၆၇၂၉ နှင့် အမှုဆောင် ဒေါ်ခင်သန်းညွန့် ဖုန်း-၂၉၀၀၅၇ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုဗ္ဗသီရိမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၉

နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေးနှင့် အဖွဲ့ဝင်များတွေ့ဆုံပွဲကို ဇန်နဝါရီ ၁၅ရက် နံနက် ၉ နာရီတွင် ပုဗ္ဗသီရိမြို့ မင်္ဂလာအဆင့်မြင့်ဈေးရှိ တောင်ထိပ်ပန်းစားသောက်ခန်းမ၌ ကျင်းပရာ အဖွဲ့ဝင် ၁၈ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးမင်း (ကိုထွေး-ကလောဂျီတီအိုင်)က အမှာစကားပြောကြားပြီး မြို့နယ်မဂ္ဂဇင်းထုတ်ဝေရေးနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ အဖွဲ့ဝင်အဖြစ် လျှောက်ထားလိုသူများ အနေဖြင့် အဖွဲ့သို့ဆက်သွယ်ကြရန်နှင့် မြို့နယ်မဂ္ဂဇင်းအတွက် စာမူများ ရေးသားပေးပို့ကြရန် ဆက်သွယ်ဆောင်ရွက်လိုပါက အဖွဲ့ဥက္ကဋ္ဌ ကိုထွေး (ကလောဂျီတီအိုင်) ဖုန်း-၀၉-၈၆-၂၁၇၅၉ နှင့် ၀၆၇-၂၅၅၇၉၊ ဘုန်းမောင်ဝင်း(ဖျာပုံ) ဖုန်း-၀၉-၄၉-၂၄၆၈၂၀ နှင့် ကံမြင့် (ထောက်) ဖုန်း-၀၉-၉၃-၄၂၄၈၀၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

✳ ရှေ့ဖုံးမှ

တူးမြောင်းမကြီးအလျားမှာ ၁၀ မိုင်ရှိပြီး တူးမြောင်းခွဲအလျားမှာ ၄၇ ဒသမ ၈ မိုင်ရှိသည်။ တူးမြောင်းအဆောက်အအုံစုစုပေါင်း ၂၉၆ ခုရှိသည်။ စိုက်ပျိုးရေကို မကွေးတိုင်းဒေသကြီး ကံမမြို့နယ် တစ်မြို့နယ်ကိုသာ ရေပေးဝေမည်ဖြစ်ပြီး ရေ သောက်ဧက ၄၀၀၀ ဖြစ်သည်။ ကံမမြို့နယ်၌ မိုးရာသီတွင် ရေအလုံအလောက်ရရှိနေ၍ မိုးစပါးအတွက် ရေပေးဝေစရာမလိုဘဲ နွေစပါးကိုသာ အဓိကထား စိုက်ပျိုးရေပေးဝေရကြောင်း သိရှိရသည်။ တောင်သူများမှာ မိုးစပါးကို ဆောလျင်စွာ စိုက်ပျိုးနိုင်ပြီး မိုးစပါးရိတ်သိမ်းပြီးလျှင် နွေစပါးမစိုက်ပျိုးခင် စောင့်ဆိုင်းကာလ၌ ပဲစင်းငုံ၊ ကုလားပဲ၊ မြေပဲ၊ နှမ်း စိုက်ပျိုးကြ သည်။ ပဲစင်းငုံကို အများဆုံးစိုက်ပျိုးကြ၍ သုံးသီးစားနေကြရပြီး ဝင်ငွေကောင်းကြသည်။

ဦးစီးအရာရှိ ဦးတင်ဦးက ရေမြောင်းများ ပြင်ဆင်မွမ်းမံနေမှုကို လိုက်လံပြသခဲ့သည်။ နွေစပါးစိုက်ပျိုးရန် မြောင်းမကြီးများကို စက်ယန္တရားများဖြင့် မြေကြီးများ ဆွဲတင်နေကြသည်။

ထို့နောက် ရေပေးမြောင်းတွင် တပ်ဆင်ထုတ်လုပ်၍ ကျေးရွာများလျှပ်စစ်ဓာတ်အားပို့ပေးနေသည့် အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အခြေအနေကို ကွင်းဆင်းလေ့လာခဲ့သည်။ ရှေးဦးစွာ ပျဉ်ထောင်ရွာအနီးတွင် လည်းကောင်း၊ ထို့နောက် အထက်မီးပေါက်ရွာအနီးတွင်လည်းကောင်း ရေကျအဆောက်အအုံတွင် ၁၀ ကေဗွီနှင့် ၅ ကေဗွီရှိသော ရေအားလျှပ်စစ်ဓာတ်အားများကို မြောင်းရေကျလာသောအခါ ထုတ်လုပ်သုံးစွဲနေကြပြီဖြစ်သည်။ ကုန်းမြင့်လယ်မြေများ စိုက်ပျိုးနိုင်ရန် ရေတင်ပို့ပေးလျက်ရှိသည်။ ယာမြေများကို လယ်မြေအဖြစ် ပြောင်းလဲ၍ စိုက်ပျိုးမြေတိုးမြင့်လာလျက်ရှိသည်။

မကွေးတိုင်းဒေသကြီး အနောက်ခြမ်းဒေသတွင် မဒေးရေလှောင်တမံပြီးစီးခဲ့၍ မိုးစပါး၊ နွေစပါး၊ ရေအားလျှပ်စစ်ဓာတ်အား စသည်ဖြင့် တိုးတက်ခံစားနေရပြီး သုံးသီးစားဘဝဖြင့် လူမှုဘဝပျော်ရွှင်ချမ်းမြေ့စွာ ရှိနေကြပြီဖြစ်သည်။ ။

မဒေးရေလှောင်တမံမှ စီးဆင်းလာသော ရေများကို ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် တည်ဆောက်ထားသော ရေအားလျှပ်စစ် ထုတ်လုပ်ပေးမည့် စက်ရုံငယ်အား တွေ့ရစဉ်။



မဒေးရေလှောင်တမံ ရေပေးမြောင်းကို တွေ့ရစဉ်။

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စာဖတ်ရှိန်မြင့်မားရေး ဟောပြောပွဲနှင့် စာဖတ်ဝိုင်းဆွေးနွေးပွဲ မိုင်းလီကျေးရွာ၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင် သိန်းနီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စာဖတ်ရှိန်မြင့်မားရေးဟောပြောပွဲနှင့် စာဖတ်ဝိုင်းဆွေးနွေးပွဲများကို ဇန်နဝါရီ ၁၄ ရက်တွင် မိုင်းလီကျေးရွာ ပညာ့အလင်းစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိသိမ့်က ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စံ(၅)ရပ်ပြည့်စုံရေး၊ စာဖတ်ရှိန်မြင့်မားရေး ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဆက်လက်၍ ဒို့ကျေးရွာဂျာနယ် အတွဲ(၇) အမှတ်(၂၁)မှ စာကြည့်တိုက်နှင့်ယဉ်ကျေးမှုခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ကျင်းပပြီး မိုင်းလီကျေးရွာ ပညာ့အလင်းစာကြည့်တိုက်သို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်၊ စာစောင် အုပ်ရေ ၁၅၀ ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Job Training for Accountant သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၉

LCCI Level II, III အောင်မြင်ပြီးသူများ၊ B.Com ဘွဲ့ရများ၊ ACCA အောင်မြင်ပြီးသူများ စသည့် စာရင်းကိုင်သင်တန်းများ တက်ရောက်ပြီးသော်လည်း လုပ်ငန်းအတွေ့အကြုံမရှိ၍ လုပ်ငန်းခွင်ဝင်ရန် မိမိကိုယ်မိမိ ယုံကြည်မှုမရှိဖြစ်နေသူများအတွက် ကျွမ်းကျင်သည့် စာရင်းကိုင်တစ်ဦးအဖြစ် ယုံကြည်စိတ်ချစွာ လုပ်ငန်းခွင်ဝင်နိုင်ရန် Job Training for Accountant သင်တန်းကို Cyber Sky Computer Training Centre က ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

၎င်းသင်တန်းကို လုပ်ငန်းခွင်တွင် လုပ်သက်ကြာလာသော်လည်း မိမိတာဝန်ယူရသည့် အပိုင်းတစ်ခုကိုသာ ကျွမ်းကျင်ပြီး လုပ်ငန်းတစ်ခုလုံးအတွက် Final Account အထိ ရေးဆွဲဖူးခြင်း မရှိသေးသော စာရင်းကိုင်များလည်း တက်ရောက်သင့်ကြောင်း သိရသည်။

သင်တန်းတွင် Trading နှင့် Manufacturing (Costing တန်ဖိုးတွက်ချက်မှု အပါအဝင်) နှစ်ပိုင်းခွဲထားပြီး အဆိုပါနှစ်ပိုင်းစလုံးအား Manual ဖြင့် ရေးဆွဲခြင်း၊ Excel သုံး၍ရေးဆွဲခြင်း၊ MYOB Software သုံး၍ ရေးဆွဲခြင်းဟူ၍ Topic သုံးခုခွဲထားရာ မိမိလိုအပ်သော Topic ကိုရွေး၍ တက်ရောက် သင်ကြားနိုင်မည်ဖြစ်သည်။ Topic သုံးခုစလုံးတွင် Statement ဆွဲခြင်း၊ Ledger တည်ဆောက်ခြင်း၊ စာရင်းကိုင် အစီရင်ခံစာ (Report) ရေးပြီး စာအုပ်တစ်အုပ်ကဲ့သို့ ဖန်တီးတင်ပြခြင်းတို့ ပါဝင်မည်ဖြစ်သည်။

သင်တန်းကို လက်ရှိလုပ်ငန်းခွင်တွင် တာဝန်ယူနေဆဲ Chief Accountant များက တာဝန်ယူသင်ကြားပေးမည်ဖြစ်သည်။

သင်တန်းနှင့် ပတ်သက်၍ အသေးစိတ်ထပ်မံသိရှိလိုပါက Cyber Sky Computer Training Centre အမှတ်(၈၉) လေးလွှာ အနော်ရထာလမ်း (ဆိပ်ကမ်းသာလမ်းထောင့်) ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၈၈၀၈ နှင့် ၀၉-၅၀၇၂၃၆၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"သီလ၏ အကျိုးအပြစ်နှင့် ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်" တရားတော် (မုံလယ်တောရ ဆရာတော်ဘဒ္ဒန္တသံဝရ)
၆း၄၀	စေတီတို့ရဲ့ နောင်တော် တွံတေးရွှေဆံတော်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၄၁)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၈)**
၈း၄၀	၂၀၀၉ ခုနှစ် အကယ်ဒမီ အကြိုရင်ခုန်သံများ
၉း၀၅	အထက(၄)မရမ်းကုန်း၏ နဝမအကြိမ်အာစရိယပူဇော်ပွဲ
၉း၂၀	Activities In The City (Build with Pridc Party for Valued Contractors)
၉း၃၀	Science For All (သင်နေမယ့်တိုက်ခန်းဟာ ဘယ်လိုတိုက်ခန်းမျိုး ဖြစ်သင့်သလဲ) (အပိုင်း-၂) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၁၀း၀၅	ပန်းပျိုးလက်များ
၁၀း၂၅	ခုခံစွမ်းအားစနစ်ကို မြှင့်တင်နိုင်ဖို့
၁၀း၄၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ (မဟေသီရဲ့ ဂျလေဘီ)
၁၁း၂၀	The Champion of Dance
၁၁း၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၂း၂၀	Activities In The City (မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ)
၁၂း၃၅	ပုဂံမင်းတည်ဓမ္မရောင်ခြည် အိမ်တော်ရာမြတ်စေတီ (ခန့်စည်သူ၊ ဝါးခယ်မရဲမောင်၊ ချစ်စန်းဦး၊ ပွင့်)
၁း၀၀	"သီလ၏ အကျိုးအပြစ်နှင့် ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်" တရားတော် (မုံလယ်တောရ ဆရာတော်ဘဒ္ဒန္တသံဝရ)
၁း၄၅	အဓိဋ္ဌာန်ပြည့်မြောက် . . . အလိုတော်ပေါက်
၂း၁၀	MRTV-4 သတင်း
၂း၂၀	Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာဆည်ခံပွဲအခမ်းအနား)
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၄၁)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၈)**
၅း၀၀	Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာဆည်ခံပွဲအခမ်းအနား)
၆း၀၀	MRTV-4 သတင်း
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၄၂)**
၇း၂၅	Style ရှိမှ Star ဖြစ်မယ်
၈း၀၀	MRTV-4 သတင်း
၈း၃၀	Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာဆည်ခံပွဲအခမ်းအနား)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၉)**
၁၀း၁၀	စကားနပန်း (အပေါင်းအသင်းများတာ ကောင်းတယ်၊ အပေါင်းအသင်းမများတာ ကောင်းတယ်)
၁၁း၀၅	Antioxidant နှင့်ပတ်သက်သော အကျိုးအပြစ်များ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအေးအေးသော်)
၁၁း၃၅	အနုပညာမိုးကောင်းကင်
၁၁း၅၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (နွားမွေးမြူရေး)
၁၂း၁၀	ဂီတသရုပ်ပြခန်း (မျိုးဆက်သစ်နှင့်အချစ်)
၁၂း၂၅	အမြင့်သဘင်၏ ရုပ်သေးသမစဉ် (အပျိုတော်ခန်းနှင့်ဟိမဝန္တာခန်း)
၁၂း၄၅	သင်ယူလေ့လာဂီတပညာ (Part-6) (II.V.I Progression)
၁၂း၅၅	အဆင့်မီရော်ဘာ ဖူးဆက်ပျိုးပင်ရရှိရေး
၁း၁၀	လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
၁း၃၅	နုယဉ်ဆန်းထွင်ပန်းအလှဆင် (လခြမ်းပုံသဏ္ဌာန်ပန်းအိုးထိုးနည်း)
၁း၅၅	Shooting Location (ဘဝတံခွန်)
၂း၁၀	ဖန်ဆင်းရေးခြယ် လက်ရာအသွယ်သွယ်
၂း၄၅	ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၏ လေ့လာမှု နည်းပညာ
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	အလှဆင်ပူဇော် ဘုရားမီးရောင်ခြည်တော်
၄း၂၅	ရိုးရာအလုပ်မှာ နှီးတောင်းနှီးဖျာ
၄း၃၅	ကြည်နူးသာဓုခေါ်စေရာ ရှင်စောမြတ်စေတီတော်မှာ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသည့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန် တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ဇာတိမာန်ခန်းမ၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (၂၁) နှစ်မြောက် အထိမ်းအမှတ်အခမ်းအနား ကျင်းပရာ မြို့နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေလင်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ကလေးသူငယ်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်စဉ်။

(မြို့နယ်ပြန်/ဆက်)

ရွာသစ်၊ နမ့်ပွန်၊ နမ့်တဘက်၊ လေးမြို့၊ လေးမြို့(၂)နှင့် စိုင်းဒင် ရေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာ သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၉

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Datang Corporation, Vice President, Mr. Zou Jiahua နှင့် China Datang Overseas Investment Co., Ltd. President, Mr. Kou Bingen နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၈ ရက်တွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Datang Overseas Investment Co., Ltd. နှင့် Shwe Taung Hydropower Co., Ltd. တို့ ရွာသစ်၊ နမ့်ပွန်၊ နမ့်တဘက်၊လေးမြို့၊ လေးမြို့(၂) နှင့် စိုင်းဒင်ရေအားလျှပ်စစ် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီမှု စာချွန်လွှာများ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ရဲရွာခန်းမ၌ ဆက်လက်ကျင်းပရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Datang Corporation, Vice President, Mr. Zou Jiahua နှင့် China Datang Overseas Investment Co., Ltd. President, Mr. Kou Bingen နှင့်အဖွဲ့ဝင်များ၊ Shwe Taung Hydropower Co., Ltd. ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးဇော်မင်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် China Datang Corporation, Vice President, Mr. Zou Jiahua နှင့် Shwe Taung Hydropower Co., Ltd. အုပ်ချုပ်မှု ဒါရိုက်တာတို့က သဘောတူညီမှု စာချွန်လွှာ (Memorandum of Agreement) များ လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုး၊ China Datang Overseas Investment Co., Ltd. President, Mr. Kou Bingen နှင့် Shwe Taung Hydropower Co., Ltd. အုပ်ချုပ်မှု ဒါရိုက်တာတို့က သဘောတူညီမှု စာချွန်လွှာများကို လက်မှတ်ရေးထိုးကြသည်။

သဘောတူညီမှု စာချွန်လွှာများ လက်မှတ်ရေးထိုးခြင်းသည် မြန်မာနိုင်ငံ အရှေ့ဘက်ခြမ်း ကယားပြည်နယ်ရှိ သံလွင်မြစ်၊ နမ့်ပွန်မြစ်နှင့် နမ့်တဘက်မြစ်တို့ပေါ်တွင် ရွာသစ်၊ နမ့်ပွန်၊ နမ့်တဘက်စသည့် ရေအားလျှပ်စစ် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံ အနောက်ဘက်ခြမ်း ရခိုင်ပြည်နယ်ရှိ လေးမြို့မြစ်နှင့် စိုင်းဒင်မြစ်တို့ပေါ်တွင် လေးမြို့၊ လေးမြို့(၂)နှင့် စိုင်းဒင် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ China Datang Overseas Investment Co., Ltd. နှင့် Shwe Taung Hydropower Co., Ltd. တို့ သဘောတူညီမှု စာချွန်လွှာများ လက်မှတ်ရေးထိုးကြခြင်း ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ရွာသစ်၊ နမ့်ပွန်၊ နမ့်တဘက်၊ လေးမြို့၊ လေးမြို့(၂)နှင့် စိုင်းဒင် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီမှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ရွာသစ်၊ နမ့်ပွန်၊ နမ့်တဘက်၊ လေးမြို့၊ လေးမြို့(၂)နှင့် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီမှု စာချွန်လွှာများ လက်မှတ်ရေးထိုးခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အလက(၄) မြောက်ဥက္ကလာ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၉

အလက(၄) မြောက်ဥက္ကလာပ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် အပူဇော်ခံ ဆရာ၊ ဆရာမများ ကြွရောက်ကြပါရန်နှင့် ၁၉၆၈ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း ယင်းကျောင်း၌ ပညာသင်ကြားခဲ့ဖူးသော ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ပူဇော်ကြပါရန် ဖိတ်ကြားထားကြောင်းနှင့် အလှူငွေများထည့်ဝင်လိုပါက ဦးအုန်းကြိုင် ဖုန်း-၇၃၀၄၆၂၆၈၊ ကိုအေးကျော် ဖုန်း-၇၃၀၁၈၁၄၂၊ ၀၉-၅၄၀၈၃၄၆၊ကိုသန့်စင် ဖုန်း-၀၉-၅၁၆၆၄၀၈ နှင့် ဒေါက်တာ အလိမ္မာထူး ဖုန်း-၀၉-၅၀၉၁၂၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တစ်ချက်တည်းကျင်းဝင်

နေပြည်တော် ဇန်နဝါရီ ၁၉

အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်ဝင်းသည် ကစားဖော်များဖြစ်ကြသော ဦးလင်းဦး၊ ဦးအောင်လှိုင်မင်း၊ ဦးတင်မောင်ဝင်းတို့နှင့်အတူ ယနေ့ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တောင်ဖီလာ ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Srixon No.2 ဘောလုံးကို Wilson Staff- Iron No. 6 တုတ်ဖြင့်ရိုက်လိုက်ရာ ကိုက် ၁၆၀ အကွာရှိ ကျင်းအမှတ်(၄)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြာတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၁၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ၅။ အကပဒေသာ
- ၈း၁၅ ၆။ "ကောင်းခြင်းဝေဖြာ"
- ၈း၃၀ ၇။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၈း၄၀ ၈။ International News
- ၈း၄၅ ၉။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၃၀ ၁။ Myanmar National League MNL Grand Royal Cup (2011) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (ရက္ခပူရယူနိုက်တက်အသင်း နှင့် ရတနာပုံအသင်း)
- ၅း၀၀ ၂။ တေးဂီတအစီအစဉ်
- ၅း၁၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (အထူးပြု အားလုံး) (အင်္ဂလိပ်စာ)
- ၅း၂၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၃၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅း၄၅ ၆။ "သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်" (Conserve)
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၉။ အနုပညာကြေးမုံတစ်ချပ်ကို ခံစားကြည့်ခြင်း (အလင်္ကာကျော်စွာဆရာ မြို့မငြိမ်း၏ သီချင်းများ)
- ၆း၄၀ ၁၀။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၃)**
- ၈း၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ "အစာလည်းဆေး၊ ဆေးလည်းအစာ" (အပိုင်း-၁၀)
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၂၀)**
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၂၉)**
- ၁၈။ အစီအစဉ်ပြီး၏။

အထက တောင်စွန်း မြတ်ဆရာ ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ (၁၂)ကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲကို ဖေဖော်ဝါရီ ၅ ရက် (စနေနေ့) ညနေ ၃ နာရီတွင် အဆိုပါကျောင်းရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုံညီစွာကြွရောက်ကြရန်နှင့် အလှူငွေများကို ဒေါ်ခင်စန်းနွဲ့ (ကျောင်းအုပ်ကြီး) အထက တောင်စွန်း၊ ဦးကျော်လွင်(တောင်စွန်း) ဖုန်း-၀၉-၈၇၆၃၆၁၃၊ ဒေါ်ယဉ်နု(ကျောင်းအုပ်ကြီး) အထက အလူး၊ ဦးဝင်းသန်း(သထုံ) ဖုန်း-၀၉-၈၆၂၈၆၄၁၊ ဒေါ်ခင်သန်းအေး (မန္တလေး) ဖုန်း-၀၂-၇၃၁၉၇၊ ဦးမြင့်ဝင်း ဖုန်း-၀၉-၅၁၈၈၇၉၂၊ ဦးညွန့်အောင် ဖုန်း-၀၁-၅၇၈၅၅၂၊ ဦးသက်ကိုကို (မုဒုံ) ဖုန်း-၀၉-၄၉၈၂၆၇၂၂၊ ဦးညီငွေ ဖုန်း-၀၉-၅၀၃၃၂၈၉ နှင့် ဦးဝင်းလှိုင် ဖုန်း-၀၉-၄၉၂၆၅၂၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့စားနပ်ရိက္ခာထုတ်လုပ်မှုကို ထိခိုက်နိုင် ယခု ဆယ်စုနှစ်အကုန်တွင် ကမ္ဘာ့လူဦးရေ ၂၀ ရာခိုင်နှုန်း ငတ်မွတ်ခေါင်းပါးဖွယ်ရှိ

တိုရွန်တို ဇန်နဝါရီ ၁၉

ယခု ဆယ်စုနှစ်အကုန်တွင် ကမ္ဘာ့အပူချိန်သည် ၂ ဒသမ ၄ ဒီဂရီပိုမို၍ ပူနွေးလာဖွယ်ရှိရာ ကမ္ဘာ့စားနပ်ရိက္ခာ ထုတ်လုပ်မှုအပေါ် ဆိုးဆိုးရွားရွား အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာမည်ဟု လေ့လာတွေ့ရှိရကြောင်း မိုးလေဝသ သိပ္ပံပညာရှင် အော့စ်ဗယ်လ်ဒိုကန်ဇီယာနီက ပြောကြားသည်။

"စားနပ်ရိက္ခာ ထုတ်လုပ်မှုအပေါ် ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှု- ၂၀၂၀ ခုနှစ်အတွက် သုံးသပ်ချက်" စာတမ်းကို အာဂျင်တီးနားနိုင်ငံအခြေစိုက် ကမ္ဘာလုံးဆိုင်ရာ ဂေဟာစနစ် ရန်ပုံငွေအဖွဲ့ခေါ် အဖွဲ့အစည်းတစ်ခုက ယမန်နေ့က ထုတ်ဝေလိုက်သည်။

အဆိုပါစာတမ်း၏ အဆိုအရ ယခု ဆယ်စုနှစ်အတွင်း ကမ္ဘာ့ဂျုံထုတ်လုပ်မှု၏ ၁၄ ရာခိုင်နှုန်း၊ ဆန်ထုတ်လုပ်မှု၏ ၁၁ ရာခိုင်နှုန်းနှင့် ပြောင်းဖူးထုတ်လုပ်မှု၏ ကိုးရာခိုင်နှုန်းသို့ ကျဆင်းလာမည်ဖြစ်ကြောင်း၊ ပဲပိစပ်တစ်မျိုးတည်းသည်သာ ၅ ရာခိုင်နှုန်း ပိုမိုထုတ်လုပ်နိုင်မှုနှင့်အတူ ကမ္ဘာ့ဈေးကွက်က တောင်းဆိုသော အဓိကသီးနှံဖြစ်လာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ယင်း၏ အကျိုးဆက်အနေဖြင့် ငတ်မွတ်ခေါင်းပါးမှုမှာလည်း လက်ရှိအခြေအနေတွင် ကမ္ဘာ့လူဦးရေ၏ ၁၄ ရာခိုင်နှုန်းရှိရာမှ ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိသွားမည်ဖြစ်ပြီး ကလေးသူငယ်များ အစာရေစာမဝလင်မှုမှာ ယခုအခြေအနေထက် နှစ်ဆမြင့်တက်သွားမည်ဖြစ်ကြောင်း ခန့်မှန်းတွက်ချက်ဖော်ပြထားသည်။ (စီတီဗွီနယူးစ်)

အိန္ဒိယနိုင်ငံ ဂေါ်ဟာတီပြည်နယ် အရှေ့ပိုင်းရှိ လက်ဖက်ခြံတစ်ခုတွင် လက်ဖက်ခူးနေသော အလုပ်သမားတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အေပီ)

သစ်တောရေးရာဝန်ကြီး ဦးသိန်းအောင် မြန်မာနိုင်ငံသစ်တောကျောင်း ပြင်ဦးလွင် ကျောင်းဆင်းပွဲအခမ်းအနားသို့ အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၁၉

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန မြန်မာနိုင်ငံ သစ်တောကျောင်း (၁၀၆)ကြိမ်မြောက် ကျောင်းဆင်းပွဲ စစ်ရေးပြအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ မြေတိုင်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်က ဘက်စုံထူးချွန်ဆုရရှိသူ ကျောင်းသား အမှတ်(၃)ဦးတေဇာနေမျိုးအောင်၊ ဒုတိယဘက်စုံထူးချွန်ဆုရရှိသူ ကျောင်းသား အမှတ်(၂၀)ဦးသိန်းဦး၊ စာပေထူးချွန်ဆုရ ကျောင်းသားအမှတ်(၆) ဦးမင်းမင်းဆန်း၊ လက်တွေ့ ထူးချွန်ဆုရ ကျောင်းသား အမှတ်(၂၀)ဦးသိန်းဦးနှင့် စစ်ရေးပြအကောင်းဆုံး တပ်ခွဲဆုရ တပ်ခွဲအမှတ်(၃) တပ်ခွဲမှူးတို့အား ဆုများ ပေးအပ်ချီးမြှင့်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

ယင်းနောက် ကျောင်းဆင်းအောင်လက်မှတ် ချီးမြှင့်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံသစ်တောကျောင်း ကျွန်းရတနာခန်းမ၌ ဆက်လက်ကျင်းပရာ ဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့က အဆင့် ၁ မှ ၁၀ အထိ ရရှိသော သင်တန်းသားများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ သစ်တောတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်ဦးနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်တို့က ဘာသာရပ် လေးခုနှင့် ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသော သင်တန်းသားများ၊ အားကစားထူးချွန်ဆုရရှိသော သင်တန်းသားတို့အား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သစ်တောသယံဇာတ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) ဒုတိယဥက္ကဋ္ဌ ဦးအုန်းက အဆင့်(၁)ရရှိသော သင်တန်းသားအား ရွှေတံဆိပ်ဆုကို လည်းကောင်း၊ ရွှေသပြေကုမ္ပဏီမှ ဦးသိန်းဝင်းက ထူးချွန်ဆုရရှိသော သင်တန်းသားသုံးဦးအား ရွှေတံဆိပ်ဆုများကိုလည်းကောင်း၊ တင်ဝင်းထွန်း ကုမ္ပဏီမှ ဦးတင်ဝင်းက ထူးချွန်ဆုရရှိသော သင်တန်းသားသုံးဦးအား ငွေသားဆုငွေကျပ် ၁၀ သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် သစ်တောဦးစီးဌာန မြန်မာနိုင်ငံသစ်တောကျောင်း (၁၀၆)ကြိမ်မြောက် ကျောင်းဆင်းပွဲ စစ်ရေးပြ အခမ်းအနားတွင် ထူးချွန်ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များကိုယ်စား အတွင်းရေးမှူး ဒေါက်တာမျိုးသန့်က မြန်မာနိုင်ငံသစ်တောကျောင်း ဖွံ့ဖြိုးရေးရန်ပုံငွေအတွက် အလှူငွေကျပ် ၁၇ သိန်းနှင့် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်းကိုယ်စား အလုပ်အမှုဆောင် ဦးမိုးသော်က မြန်မာနိုင်ငံသစ်တောကျောင်းရန်ပုံငွေအတွက် အလှူငွေကျပ် ၁၀ သိန်း၊ အေးရှားဂရင်းကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာက မြန်မာနိုင်ငံသစ်တောကျောင်း ငွေပဒေသာပင်အတွက် အလှူငွေကျပ် သိန်း၂၀၊ သစ်တောတက္ကသိုလ်အတွက် အလှူငွေကျပ်၁၀သိန်း၊ မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၁) နန်ချွန်အတွက် အလှူငွေကျပ် ၁၀ သိန်း၊ သင်တန်းကျောင်း အမှတ်(၂)ပျဉ်းမနားအတွက် ငွေကျပ် ၁၀ သိန်း၊ ဆင်ဝန်ထမ်းများ လူမှုဘဝမြှင့်တင်ရေးအတွက် အလှူငွေကျပ် သိန်း၂၀၊ ဆင်ဆေးဝါးများအတွက် အလှူငွေကျပ် သိန်း ၃၀ စုစုပေါင်း အလှူငွေကျပ် သိန်း ၇၀ ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံသစ်တောကျောင်း ကျောင်းအုပ်ကြီးက ကျောင်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသား၊ အမျိုးသမီး တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

၂၀၁၀ ခုနှစ် အမျိုးသားတံခွန်စိုက်နှင့် အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ၎င်းပြိုင်ပွဲများမှ ၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်များ ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၉ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသည့် အားကစားသမားများသည် ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်၌ ပြုလုပ်မည့် အားကစားသမားများ အစည်းအဝေးသို့ မပျက်မကွက်တက်ရောက်၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။

အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက်မှ ၉ ရက်ထိ ကျင်းပမည်ဖြစ်ပြီး မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဖေဖော်ဝါရီ ၁ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၀-၁-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၃၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ ဗွီစီဒီကျော်ကြားတေး
- ၄း၂၅ ၅။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၆။ မွေးမြူသုတ
- ၅း၁၀ ၇။ အားလုံးရဲ့တာဝန်
- ၅း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၅ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၃၂)**
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၅ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆း၄၅ ၁၃။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ (အပိုင်း-၄၀)
- ၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၂၉)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသတင်း
- ၁၉။ ကုန်သွယ်သုတ/ ရှေးဟောင်းသုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၁၇)**
- ၂၂။ ဂီတရင်ခုန်သံ
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဂမ်ဘီယာသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဂမ်ဘီယာသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မူကြီးများ၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့် ဆန္ဒရှိကြသည့် အားလျော်စွာ ၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှ စတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်ပြုလုပ်လိုက်သည်။

ယင်းကဲ့သို့ နှစ်နိုင်ငံသံတမန်အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဆိုင်ရာ ဂမ်ဘီယာ အမြဲတမ်းကိုယ်စားလှယ်တို့သည် ဇန်နဝါရီ ၁၃ ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှု တိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဂမ်ဘီယာသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၀၃)နိုင်ငံမြောက် သံတမန်အဆက်အသွယ် ထူထောင်သည့် နိုင်ငံဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်များညီလာခံ၌ EMP. Co., Ltd. မှ ဆေးအရောင်းပြခန်း ပါဝင်ပြသ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၂၄၉)ရှိ မြန်မာနိုင်ငံဆရာဝန်များအသင်း၌ ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပလျက်ရှိသည့် (၅၇)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်များညီလာခံ(၂၀၁၁) အထိမ်းအမှတ် ဆေးနှင့် ဆေးပစ္စည်းပြခန်းများ ခင်းကျင်း ပြသလျက်ရှိရာ EMP. Co., Ltd.မှ ဆေးနှင့် ဆေးပစ္စည်း အရောင်းပြခန်းကို ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

အဆိုပါပြခန်း၌ Kunming Dihon Pharmaceutical Co., Ltd. မှထုတ်လုပ်သည့် Haicneal, Skineal, Boneal, Acneal, Fitneal, Femneal ဆေးဝါးတို့ကို လည်းကောင်း၊ Tianjan Tianyao Pharmaceutical Co., Ltd မှ ထုတ်လုပ်သည့် Compound Miconozole Nitrate Ointment, Fluocinonide Ointment, You Jin, Dexamethazone Acetate Tablets, Amino Acid Injection 18 AA, Amino Acid Injection 18 AA III ဆေးဝါးနှင့် EMP. Co., Ltd. မှ ဖြန့်ချိလျက်ရှိသည့် ဆေးဝါးများကို အရည်အသွေး အာမခံချက်အပြည့်အဝဖြင့် အထူးဈေးနှုန်းများနှင့် ရောင်းချပေးလျက်ရှိသည်။

ယင်းဆေးဝါးများကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း အမှတ်(၂၂၂) ဖုန်း-၀၁-၂၉၆၉၉၅၊ ၂၉၁၈၃၉နှင့် အမှတ်(T2-2) သဇင်ပလာဇာ (၃၁)လမ်းနှင့် (၃၂)လမ်း၊ (၇၇)လမ်းနှင့်(၇၈)လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၃၁၃၆၃ နှင့် ၉၁၀၁၅၇၀၁ တို့တွင် ဆက်သွယ် မှာယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပါဝင်ပြသ

မြန်မာနိုင်ငံ ဆရာဝန်များ ညီလာခံ၌ EMP. Co., Ltd. မှ ဆေးနှင့် ဆေးပစ္စည်း အရောင်းပြခန်း ပါဝင်ပြသ ရောင်းချစဉ်။ (သတင်းစဉ်)

ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မင်းလမ်း တစ်ဖက်တစ်ချက် ကတ္တရာတိုးချဲ့ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၄ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် အုပ်စု(၄) အမကများ၏ ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ ရက်က အမက(၂၃) ကသဲတန်းကျောင်း ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ထူးက အုပ်စုအဆင့် ပညာရည်ချွန် တတိယဆုရ စတုတ္ထတန်းမှ မဆွေခိုင်သော်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

(20-1)08.pmd 1 1/20/2011, 2:28 AM

○ ကျောဖုံးမှ

အခမ်းအနားတွင် ရှေးဦးစွာ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်က ကျောက်မီးသွေး အကြီးစားတူးဖော်ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် လေးဦးအဖွဲ့ သတ္တုလုပ်ငန်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးရန်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် လေးဦးအဖွဲ့ သတ္တုလုပ်ငန်းကုမ္ပဏီလီမိတက်နှင့် အမှတ်(၃) သတ္တုတွင်းလုပ်ငန်းတို့၏ လုပ်ငန်းသဘောတူစာချုပ်ကို ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မန်နေဂျင်းဒါရိုက်တာတို့က လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဝန်ကြီးက ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို မန်နေဂျင်း ဒါရိုက်တာထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဒေါက်တာကျော်မြင့် ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၉

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဇန်နဝါရီ ၁၄ ရက် နံနက် ၁၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုလုပ်ငန်း ဆောင်ရွက်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် မွန်းလွဲပိုင်းတွင် ညောင်ဦးမြို့နယ် တောင်ဇင်းတိုက်နယ်ဆေးရုံနှင့် ညောင်ဦး ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံများ၏ ကျန်းမာရေး စောင့်ရှောက်မှု အဆင့်မြင့်မားစေရေးနှင့် ဆေးရုံစိမ်းလန်းစိုပြည်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ညောင်ဦးပြည်သူ့ဆေးရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

STABILO (GERMANY) အမှတ်တံဆိပ် စာရေးကိရိယာများ ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၉

SALIENT TRADING CO., LTD. သည် အရည်အသွေးမြင့်မားသော စာရေးကိရိယာအမျိုးမျိုးကို ဂျာမနီ၊ မလေးရှား၊ ကိုရီးယားနိုင်ငံများမှ တင်သွင်းဖြန့်ချိလျက်ရှိရာ ကမ္ဘာကျော် STABILO (GERMANY) အမှတ်တံဆိပ် စာရေးကိရိယာများလည်းပါဝင်သည်။

STABILO(GERMANY) အမှတ်တံဆိပ်၏ထူးခြားချက်မှာ စာမေးပွဲဖြေဆိုသူများအတွက် အထူးသီးသန့်ထုတ်လုပ်ထားသော ဘောလ်ပင်၊ ခဲတံ၊ ခဲဖျက်၊ ချွန်စက်များ၊ စာရေးနည်း စတင်သင်ကြားသည့် မူကြိုကလေးငယ်များအတွက် ဘယ်သန်နှင့် ညာသန်ခွဲခြားရေးသားနိုင်သည့် ခဲဆန်ဘောလ်ပင်များ၊ ကျောင်းသား၊ ကျောင်းသူများအတွက် မှတ်ဉာဏ်အထောက်အကူပြု အရောင် ၂၅ မျိုး ဘောလ်ပင် စသည့် ရည်ရွယ်ချက် အမျိုးမျိုးဖြင့် သုံးစွဲသူများအတွက် STABILO စာရေးကိရိယာများကို သီးသန့်ထုတ်လုပ်ထားသည်။

STABILO(GERMANY) အမှတ်တံဆိပ် စာရေးကိရိယာများကို ဂျာမနီနိုင်ငံမှ ထုတ်လုပ်ပြီး ဥရောပနိုင်ငံများနှင့် အာရှနိုင်ငံအချို့တွင် ဈေးကွက်ဝေစု အများဆုံးရရှိထားသည့် ကုန်အမှတ်တံဆိပ်ဖြစ်သည်။

အထူးသဖြင့် စာမေးပွဲဖြေဆိုသူများအတွက် ထုတ်လုပ်ထားသော EXAM GRADE ဘောလ်ပင်များသည် စာရေးသားရာတွင် ချောမွတ်မှုရှိခြင်း၊ မင်မယိုခြင်း၊ အရောင်တောက်ပခြင်း၊ ရေးသားနိုင်သည့် စာမျက်နှာအရေအတွက်ကို သိရှိနိုင်ခြင်း၊ မင်ချောင်းအစားထိုး သုံးစွဲနိုင်ခြင်းနှင့် EXAM GRADE ခဲတံများသည် စာရေးသားရာတွင် ချောမွတ်မှုရှိခြင်း၊ ကျိုးလွယ်မှုမရှိခြင်း၊ ခဲသားနက်ခြင်း၊ အဖြေလွှာကို Scan ဖြင့် စစ်ဆေးသော(IELTS, SAT, TOEFL စသည့်)စာမေးပွဲများအတွက် အထူးထုတ်လုပ်ထားခြင်းစသည့် ထူးခြားချက်များကြောင့် သုံးစွဲသူ ကျောင်းသား၊ ကျောင်းသူများ အထူးနှစ်ခြိုက်ကြောင်း သိရှိရသည်။

ရန်ကုန်မြို့ ပြည်လမ်း စိန်ဂေဟာ စူပါစင်တာ၌ ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် STABILO EXAM GRADE ဘောလ်ပင်နှင့် စာရေးကိရိယာများကို ပရိုမိုးရှင်းအစီအစဉ်ဖြင့် ၁၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ဈေးလျှော့ရောင်းချမည်ဖြစ်သည်။

ဆက်သွယ်လိုပါက Salient Trading Co.,Ltd. အမှတ်(၂၂) ငုဝါလမ်း စောရန်ပိုင်(တောင်)ရပ်ကွက် အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၅၁၁၀ နှင့် ၀၁-၇၀၃၁၆၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို မြို့နယ်အားကစားကွင်းအနီး လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကျောက်တိုင်ပန်းခြံ၌ ဇန်နဝါရီ ၄ ရက်က ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသန်း ဖတ်ကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၉

နဝမအကြိမ် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ မန္တလေးမြို့ ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ၊ ပန်းအလှပင်ပြိုင်ပွဲ၊ အရွက်အလှပင်ပြိုင်ပွဲ၊ ရွက်လှပင်ပြိုင်ပွဲ၊ ပြည်တွင်းသစ်ခွပြိုင်ပွဲ၊ ပြည်ပသစ်ခွ(ကတ်တလီးယား၊ စင်ဘီး ဒီးယမ်း၊ ဗန်ဒါ) ပြိုင်ပွဲ၊ နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ၊ ရှားစောင်းပင်ပြိုင်ပွဲ၊ သက်ကြီးပုပင် (ဘွန်ဆိုင်း)ပြိုင်ပွဲ၊ အသီးပါသည့် အလှအပင်ပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက် (အရွက်၊ အထုပ်၊ ဥ၊ အသီးပါပင်)ပြိုင်ပွဲ၊ သစ်သီးပြိုင်ပွဲ၊ ဟင်းသီး အသီးအလုံးလိုက်ပြိုင်ပွဲ၊ သစ်သီးဝလံ(အခိုင်လိုက်/ဥ)ပြိုင်ပွဲ၊ ဟင်းသီး အသီးအနှံအတွဲလိုက် ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ဆုများကို ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ ပန်းမန်များအား ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ် ကွပ်ကဲမှုရုံးသို့ ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၄ နာရီအရောက် ပေးပို့ယှဉ်ပြိုင်နိုင်ပြီး အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနနှင့် ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ် ကွပ်ကဲမှုရုံး ဖုန်း-၀၂-၅၉၁၇၀ တို့တွင် ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နယူးမော်ဒယ် မြန်မာဇာတ်ကားသစ် ဆက်လက်ပြသ

ရုပ်ရှင်

ရန်ကုန် ဇန်နဝါရီ ၁၉

ဇန်နဝါရီ ၂၁ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ်ရုံများ ဖြစ်သည့် သမ္မတ၊သွင်မင်္ဂလာရုံနှင့် မော်တင်ဂျန်းရှင်း ရုပ်ရှင်ရုံတို့၌ ပြီးခဲ့သည့် ဇန်နဝါရီ ၁၄ ရက်(သောကြာနေ့)က ရုံတင်ပြသခဲ့သည့် **နယူးမော်ဒယ်** မြန်မာဇာတ်ကားသစ် ဆက်လက်ပြသမည်ဖြစ်သည်။

ဤဇာတ်ကားကို ဒါရိုက်တာညွှန့်မြန်မာ ညီညီအောင်နှင့်တွဲဖက် ကိုသန့်(ဆဲဗင်းဒေး)တို့က ရိုက်ကူးထားခြင်းဖြစ်ပြီး မီမီကို(ဆေး-၁)၏ ဝတ္ထုကို နေစိုးသော်က ဇာတ်ညွှန်းရေးဖွဲ့ထားသည်။ ချစ်ရေးချစ်ရာများကို စိတ်မဝင်စားဘဲ ဘာသာတရားနှင့်သာ ပျော်မွေ့နေသူ မိန်းမပျိုတစ်ဦး တကယ့်အချစ်စစ်ကို တွေ့မြင်သိရှိရသည့်နောက် အရာရာပြောင်းလဲသွားရပုံကို ဒါရိုက်တာက ဟာသရောစွက်၍ ပရိသတ်မငြီးငွေ့စေရန် ရိုက်ကူးပြသထားသည့် ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။ ရန်အောင်၊ နေတိုး၊ အောင်ဇေ၊ ဇော်ဝမ်း၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ သင်ဇာဝင့်ကျော်နှင့် သဇင်တို့ ခေါင်းဆောင် ပါဝင်ကြသည်။

မြို့လယ် ဆုထူးပန်၊ စံပြ၊ ရွှေမန်းနှင့် သီတာရုံများ၌ မြန်မာဇာတ်ကားသစ် **ရင်ဘတ်ကြီးနဲ့ချစ်လိုက်မယ်** ဆက်လက်ပြသမည်ဖြစ်သည်။

နယူးမော်ဒယ်ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်းကို တွေ့ရစဉ်။

နိုင်ငံခြားရုပ်ရှင်

ရွှေဆောင်ရုံ၌ နာမည်ကြီးအိန္ဒိယသရုပ်ဆောင်များဖြစ်သည့် အာရှေးကူးမားနှင့် ကတ်တီနာကပ်တို့ ပါဝင်သည့် TEES MAAR KHAN အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်မြူးပြသမည်ဖြစ်ပြီး နေပြည်တော်ရုံ၌ လျှို့ဝှက်ဆန်းကြယ် ဂမ္ဘီရဇာတ်ကားဖြစ်သည့် NARNIA ဇာတ်ကား ပြသမည်ဖြစ်သည်။

(ကြေးမုံ)

၂၀၁၀-၂၀၁၁ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းစုစုပေါင်း ၁၀၁၁၇ ဒသမ ၆ ဧက ဖျက်ဆီးနိုင်ခဲ့

နေပြည်တော် ဇန်နဝါရီ ၁၉

၂၀၁၀-၂၀၁၁ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ပြည်နယ်၊ တိုင်းဒေသကြီးများအလိုက် ဘိန်းခင်း ၉၁၄၄ ဒသမ ၄၁ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အတွင်း ဘိန်းခင်း ၉၇၃ ဒသမ ၁၉ ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း ဘိန်းခင်းဖျက်ဆီးနိုင်မှုမှာ ၁၀၁၁၇ ဒသမ ၆ ဧက ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

ထပ်မံဖျက်ဆီး

ထပ်မံဖျက်ဆီးနိုင်ခဲ့သည့် ဘိန်းခင်း ၉၇၃ ဒသမ ၁၉ ဧကအနက် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ဖယ်ခုံမြို့နယ်နှင့် ဟိုပုံးမြို့နယ်အတွင်းမှ ၄၁၉ ဒသမ ၇၅ ဧက၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မိုင်းပျဉ်းမြို့နယ်နှင့် ကျိုင်းတုံမြို့နယ် အတွင်းမှ ၂၀၂ ဒသမ ၅ ဧက၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၊ ကွမ်းလုံမြို့နယ်၊ လားရှိုးမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ခမ်းမြို့နယ်နှင့် မန်တုံမြို့နယ် အတွင်းမှ ၂၅၃ ဒသမ ၈၄ ဧက၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်အတွင်းမှ ၉၇ ဧကတို့ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

လှိုင်မြို့နယ် ဘက်စုံပညာထူးချွန်ဆုပေးပွဲ၌ မြို့နယ်ဘက်စုံထူးချွန် ပထမဆုရရှိသော အထက(၂) လှိုင်မှ ဆရာမကြီး ဒေါ်ခင်ဦးကြည်အား မြို့နယ် ပညာရေးမှူး ဆရာမကြီး ဒေါ်မြင့်ရီ ဆုချီးမြှင့်စဉ်။ (၅၄၃)



ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၃) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး မြင့်အောင်နှင့်အဖွဲ့သည် ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ လည်းကောင်း ကမာရွတ်မြို့နယ် နိုင်ငံခြားဘာသာတက္ကသိုလ်ရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၅၅၈ ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ခြေလက်မသန်မစွမ်းဖြစ်ခဲ့ရသူ ဦးဝင်းလွင်က ၎င်း၏ ခံစားချက်နှင့်ယှဉ်၍ ကျောင်းသား၊ ကျောင်းသူများ ယာဉ်စည်းကမ်းလိုက်နာကြစေရေး ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြန်မာအလေးမ အားကစားမယ် အေးသန္တာလွင် ဒုတိယငွေတံဆိပ်နှင့် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၃၀၀၀ ရရှိ

ရန်ကုန် ဇန်နဝါရီ ၁၉

အပြည်ပြည်ဆိုင်ရာ အလေးမအဖွဲ့ချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလေးမအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလေးမပြိုင်ပွဲကို ဇန်နဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Fujian မြို့၌ ကျင်းပရာ အမျိုးသမီး(၅၃)ကီလိုတန်း ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အေးသန္တာလွင်က ဒုတိယငွေတံဆိပ်နှင့် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၃၀၀၀ ရရှိသည်။ ယင်းပြိုင်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Chen Xiaoting က ပထမ ရွှေတံဆိပ်နှင့် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Fayema Akther က တတိယကြေးတံဆိပ်နှင့် အမေရိကန်ဒေါ်လာ ၁၀၀၀ ရရှိကြသည်။

အဆိုပါပြိုင်ပွဲသို့ နိုင်ငံပေါင်း ၂၀ မှ အားကစားသမားပေါင်း ၄၈ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး မြန်မာနိုင်ငံမှ အုပ်ချုပ်သူ/နည်းပြအဖြစ် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမြင့်ဆွေ (လက်ထောက်ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန)နှင့် မြန်မာ့လက်ရွေးစင် အေးသန္တာလွင်တို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ အလေးမပြိုင်ပွဲ အမျိုးသမီး (၅၃) ကီလိုတန်းပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ဆုရ မြန်မာနိုင်ငံမှ အေးသန္တာလွင်။ (သတင်းစဉ်)

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုအား ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်ဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်တိုက်ခိုက်မှုရှေးဦးသူနာပြု သရုပ်ပြ

နေပြည်တော် ဇန်နဝါရီ ၁၉

နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)မှ စည်းကမ်းထိန်းသိမ်းရေး ဝန်ထမ်းများအား ယာဉ်တိုက်မှုဖြစ်ပွားပါက အရေးပေါ် ရှေးဦးသူနာပြုစု ဆောင်ရွက်နိုင်ရေးအတွက် ရှေးဦးသူနာပြုစုခြင်းသင်တန်းကို ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ရာ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(မြို့တွင်း) ဥက္ကဋ္ဌ ဦးဝင်းထိန် သင်တန်းဖွင့်အမှာစကား ပြောကြားပြီး ကြက်ခြေနီတပ်ဖွဲ့ အရာခံဗိုလ်မင်းသူနှင့် ဒေါ်ခင်နှင်းဖြူတို့က လက်တွေ့သရုပ်ပြပို့ချခဲ့ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျားနှင့် ကချင်ပြည်နယ်တွင် နေရာကျဲကျဲ မိုးရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် သုညဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့၊ ပလက်ဝမြို့နှင့် ကသာမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မချမ်းဘောမြို့တွင် သုည ဒသမ ၁၆ လက်မနှင့် ပူတာအိုမြို့တွင် သုည ဒသမ ၁၁ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၂၀ ရက် ညနေထိခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

MANDALAY Exhibition 2011 မန္တလေးမြို့တော်ခန်းမ(၁)၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

MANDALAY Exhibition 2011 ကျင်းပမည့်အကြောင်း စာနယ်ဇင်းမိတ်ဆက်ပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပရာ ကုန်စည်ပြပွဲ စီစဉ်ကျင်းပသည့် MGB Business Group ဥက္ကဋ္ဌ ဦးသန်းထွေးနှင့် ပူးပေါင်းပါဝင်ပြသကြမည့် ကုမ္ပဏီများမှ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

MANDALAY Exhibition 2011 ကို ဇန်နဝါရီ ၂၇ ရက်မှ ၃၀ ရက်အထိ မန္တလေးမြို့ (မြို့တော်ခန်းမ-၁)၌ ကျင်းပသွားမည်ဖြစ်ပြီး နေ့စဉ်နံနက် ၉ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ရောင်းချမည် ဖြစ်ကြောင်းသိရသည်။

ကုန်စည်ပြပွဲကို MGB Business Group က စီစဉ်ဆောင်ရွက်ကျင်းပခြင်းဖြစ်ပြီး TMW Enterprise Co.,Ltd. က နာမည်ကြီး Brand များဖြစ်သော Sony, LG, INAX နှင့် RAMMAR AUTOMOBILE MANUFACTURING & TRADING Co., Ltd.၊ ရမ္မာမော်တော်ယာဉ်ထုတ်လုပ်ရောင်းချရေးကုမ္ပဏီလီမိတက်တို့က Main Sponsor အဖြစ် ပူးပေါင်းပါဝင်ပြသမည့်အပြင် SYH, Ocean Glory Ltd. မှ LEECO, TWJS Co., Ltd. Horizon Int'L Education Center နှင့် KENBO Motorcycle တို့မှ Co-Sponsor များ အဖြစ်ပြသသွားမည် ဖြစ်သည်။

MANDALAY Exhibition 2011 တွင် ကုန်ပစ္စည်းမျိုးစုံ ထုတ်လုပ်သူ၊ ရောင်းချသူ၊ မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ် ဖြန့်ချိသူများအားလုံး ပြသရောင်းချမည့် ကုန်စည်ပြပွဲကြီး ဖြစ်သည့်အတွက် နာမည်ကြီး Brand များဖြစ်သည့် Champion Construction Materials Co.,Ltd., NOW HOW, MAMEE, COOL SPEED, Keara Sys, FAIT DEAL, MAMA, THREE FRIENDS Construction Co., Ltd., bsc Cosmetology, P & P, Angel Soap Series, AQUOS Cosmetic, SMART Electronic Dictionary, SUPER MEGA Engineers Group Trading Co., Ltd., Home, Poccilini, COMO, Richy, Silk-n-Shine, HAICNEAL, Schick, STIEBEL ELTRON, TOP CHOICE ဗလာစာအုပ်၊ COMODITEE, T.E.M, pierre cardin, AC MAKEUP, Rinnai, TOP Fiber Glass, KMA Cosmetics, Parachute, SPIKE, KTK Electrical Engineering, Smile, Carla Rina, SHEENE စသည်တို့မှ ပြခန်းပေါင်း ၁၀၀ ခန့် တင်ဆက်ပြသရောင်းချကြမည်ဖြစ်သည်။

ကုန်စည်ပြပွဲကြီးအကြောင်းနှင့် ပြခန်းများပြသလိုပါက ဦးသန်းထွေး(ဥက္ကဋ္ဌ) MGB Business Group ဖုန်း-၀၉-၅၁၂၃၃၄၅ နှင့် ၀၉-၄၉၂၅၆၀၄၈ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ညောင်ကျိုးတိုက်နယ်ဆေးရုံတွင် ဇန်နဝါရီ ၇ ရက်က အလှူရှင် ဦးကြည်သောင်း-ဒေါ်မြင့်ရီ၊ ဒေါ်တင်တင်အောင်၊ ဒေါ်ခိုင်မေတင်၊ ကိုချစ်သဲ၊ မဝင်းဝင်းခိုင်တို့က ငွေကျပ် ၂၇၀၀၀၀ တန်ဖိုးရှိ မီးအားမြှင့်စက်ကို ပေးအပ်လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် တိုက်နယ်ဆရာဝန်ဒေါက်တာမျိုးကျော်အောင်တို့ လက်ခံရယူစဉ်။ (ကြေးမုံ)

ဝေါ့ဇ်နက်ကီ၊ ရှာရာပိုဗာနှင့် ကင်ကလစ္စတားတို့ နိုင်ပွဲဆက်

မဲလ်ဘုန်း ဇန်နဝါရီ ၁၉

သြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ တတိယနေ့ ပွဲစဉ်များကို ဆက်လက်ကျင်းပရာ ရော်ဂျာဖက်ဒဲရား၊ ရာဖေးလ်နာဒယ်လ်၊ ရော့ဒ်ဒစ်၊ ဝေါ့ဇ်နက်ကီ၊ ရှာရာပိုဗာနှင့် ကင်ကလစ္စတားတို့ နိုင်ပွဲဆက်ပြီး တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြသည်။

တတိယအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည့် ဒိန်းမတ်တင်းနစ် မယ် ဝေါ့ဇ်နက်ကီ။

နိုကို ၇-၆၊ ၆-၃ တို့ဖြင့် နိုင်ပွဲရခဲ့ကြသည်။ တတိယအဆင့်တွင် ဝေါ့ဇ်နက်ကီနှင့် စီဘူလ်ကိုဗာ၊ ရှာရာပိုဗာနှင့် ဂျီရော်ဂစ်၊ ကင်ကလစ္စတားနှင့် နာဗာရို၊ ဗီးနပ်စ်ဝီလျံနှင့် ပက်ကိုဗစ်၊ ဂျပ်စ်တင်ဟေနင်နှင့် ကုဇနက်ဆိုဗာတို့ ရင်ဆိုင်တွေ့ရမည် ဖြစ်သည်။

အင်တာနက်။

အမျိုးသားတစ်ဦးချင်း

အမျိုးသားတစ်ဦးချင်း ဒုတိယအဆင့်ပြိုင်ပွဲတွင် ရော်ဂျာဖက်ဒဲရားက ဆိုင်မွန်ကို ၆-၂၊ ၆-၃၊ ၄-၆၊ ၄-၆၊ ၆-၃၊ ရော့ဒ်ဒစ်က ကူနက်ဆိုင်ကို ၇-၆၊ ၆-၂၊ ၆-၃၊ ဂျိုကိုဗစ်က ဒိုဒင်းကို ၇-၅၊ ၆-၇၊ ၆-၀၊ ၆-၂ တို့ဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။ တတိယအဆင့်တွင် ရော့ဒ်ဒစ်နှင့် ဟားစ်၊ ဗာဒါစကိုနှင့် နီချီကိုရီ၊ ရာဖေးလ်နာဒယ်လ်နှင့် ဆိုတင်း၊ ရော်ဘင်ဆိုဒါလင်းနှင့် မူလားတို့ယှဉ်ပြိုင်ရမည် ဖြစ်သည်။

အမျိုးသမီးတစ်ဦးချင်း

အမျိုးသမီးတစ်ဦးချင်း ဒုတိယအဆင့်ပြိုင်ပွဲတွင် ဝေါ့ဇ်နက်ကီကကင်းကို ၆-၁၊ ၆-၀၊ ဗီးနပ်စ်ဝီလျံက ဇာလာဗိုဗာ ကို ၆-၇၊ ၆-၀၊ ၆-၄၊ ရှာရာပိုဗာက ရစ်ဇ်ဇာ

စပါးအသင်း ခေါ်ယူလိုက်သည့် စတီဖင်ပီနား။

ချယ်လ်ဆီးအသင်း ယူရို ၂၆ သန်းဖြင့် ဆန်ချက်ဇ်အား ကမ်းလှမ်းဖွယ်

လန်ဒန် ဇန်နဝါရီ ၁၉

ရာသီအကုန်တွင် ကြီးလေးကြီးစာရင်းဝင်ရေးသာ မျှော်လင့်နိုင်တော့ဖွယ် ရှိနေသည့် ချယ်လ်ဆီးအသင်းသည် အူဒီးနီးစ်တိုက်စစ်မှူး ဆန်ချက်ဇ်အား ယူရို ၂၆ သန်းဖြင့် ခေါ်ယူရန်ကမ်းလှမ်းဖွယ် ရှိကြောင်း သိရသည်။

စပါးအသင်း စတီဖင်ပီနားကို ခေါ်ယူ

လန်ဒန် ဇန်နဝါရီ ၁၉

ပရီမီယာလိဂ်တွင် ရလဒ်များ ကောင်းမွန်နေသည့် စပါးအသင်းသည် ဒေးဗစ်ဘက်ခမ်းအားခေါ်ယူပြီး မကြာမီပင် ယခု အဲဗာတန်ကွင်းလယ်ကစားသမား စတီဖင်ပီနားကို ထပ်မံခေါ်ယူခဲ့ပြန်သည်။

အသက်(၂၈)နှစ်ရှိ အဆိုပါ ကစားသမားအတွက် စပါးအသင်းသည် ပေါင်သုံးသန်း ပေးချေခဲ့ရသည်ဟုဆိုသည်။ ချယ်လ်ဆီးအသင်း၏ စိတ်ဝင်စားခြင်းကိုလည်း ခံခဲ့ရသည့် စတီဖင်ပီနားသည် စပါးအသင်းနှင့် လေးနှစ်ခွဲ သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ကြောင်း အသင်းဝက်ဘ်ဆိုက်က ထုတ်ပြန်ခဲ့သည်။ ဗိုက်ဟတ်လိန်းသို့ ရောက်လာသည့် တောင်အာဖရိက ကစားသမား စတီဖင်ပီနားသည် နယူးကာဆယ်နှင့်ပွဲတွင် ဒေးဗစ်ဘက်ခမ်းနှင့်တွဲဖက်၍ စပါးအသင်းတွင် မြင်တွေ့ရဖွယ်ရှိနေသည်။

အင်တာနက်။

ဝင်းတင် (ကြေးမုံ)

အသက် (၂၂)နှစ်ရှိ အဆိုပါ ချီလီတိုက်စစ်မှူး ဆန်ချက်ဇ်ကို ချယ်လ်ဆီးအပြင် အခြားအသင်းကြီးများဖြစ်သည့် မန်ယူ၊ ဘာစီလိုနာနှင့် အင်တာမီလန်တို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက် ရှိနေသည်။

အင်တာနက်။

လီဗာပူးမှ ဘာဘယ် ယူရို ခုနစ်သန်းဖြင့် ဟော့ဖန်ဟိန်းသို့ ပြောင်းရွှေ့

လီဗာပူး ဇန်နဝါရီ ၁၉

လီဗာပူးအသင်းမှ နယ်သာလန်တိုက်စစ်မှူး ရိုင်ယန်ဘာဘယ်သည် ဂျာမန်ကလပ်ဟော့ဖန်ဟိန်းသို့ ပြောင်းရွှေ့ကြေး ယူရို ခုနစ်သန်း(ပေါင် ၅ ဒသမ ၈ သန်း) ဖြင့် ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း ဂျာမန်သတင်းစာ Bild တွင် ဖော်ပြပါရှိသည်။

ဟော့ဖန်ဟိန်းသည် အသင်းမှထွက်ခွာဖွယ်ရှိနေသည့် ဒမ်ဘာဘားနေရာကို အစားထိုးရန် အသက်(၂၄)နှစ်အရွယ်ရှိ ဘာဘယ်ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အိုင်ယက်စ်အကယ်ဒမီထွက် ဘာဘယ်သည် အိုင်ယက်စ်မှ လီဗာပူးသို့ ၂၀၀၇ ခုနှစ်တွင် ပြောင်းရွှေ့ခဲ့သော်လည်း ပုံမှန်နေရာရရန် ရုန်းကန်နေခဲ့ရသည်။

ဘာဘယ်သည် အသင်းဟောင်း အိုင်ယက်စ်သို့ ပြန်လည်ပြောင်းရွှေ့မည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ၎င်း၏မိခင်အသင်းအစား ဟော့ဖန်ဟိန်းကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အသင်းနှစ်ခုစလုံးက အပြောင်းအရွှေ့နှင့်ပတ်သက်၍ သူတို့၏ တရားဝင်ဝက်ဘ်ဆိုက်များတွင် ဖော်ပြထားခြင်း မရှိသေးသော်လည်း မကြာမီအချိန်အတွင်း အတည်ပြုမည်ဟု မျှော်လင့်ရသည်။

အင်တာနက်။

စိုးတင့်နိုင်

လီဗာပူးမှ ဟော့ဖန်ဟိန်းသို့ ပြောင်းရွှေ့သွားသည့် ဘာဘယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာ

မင်္ဂလာပါ၊ ဆရာမအနေနဲ့ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ရူပဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရူပဗေဒဘာသာရပ်မေးခွန်းလွှာကို အခြေခံ၍ ဆွေးနွေးပါမယ်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းရဲ့ SECTION (A) မှာ မေးခွန်းနံပါတ်(၁)မှ မေးခွန်းနံပါတ် (၉)အထိ Answer **ALL** Questions ဖြစ်တဲ့အတွက် အားလုံးဖြေဆိုရမည်ဖြစ်ပြီး No.9 မှာ (or)ခံထားပါတယ်။ (၄)မှတ်တန် (၉)ပုဒ် စုစုပေါင်း(၃၆) မှတ်ပါ။ No.1 မှာ Fill in the blanks (၄)ခု၊ No.2 မှာ True (or) False (၄) ခုတို့ ပါဝင်ပါတယ်။ SECTION (B) မှာ Answer any **FOUR** Questions ဖြစ်တဲ့အတွက် No.10 မှ No.15 အထိ(၆)ပုဒ်ထဲမှ(၄)ပုဒ်ကိုသာ ဖြေဆိုရမှာဖြစ်ပါတယ်။ No.15 မှာ (or) ခံထားပါတယ်။ SECTION (B) မှာတော့ တစ်ပုဒ်(၁၆)မှတ်နဲ့ စုစုပေါင်း (၆၄)မှတ်ဖိုး ဖြေရမှာပါ။ ဒါ့အပြင် SECTION (B) မှာ အပုဒ်တိုင်းကို (a) နှင့် (b) ထပ်မံခွဲခြားထားပါတယ်။

သင်ခန်းစာအပိုင်းလိုက် ခွဲခြားထားတာကတော့ Mechanics, Heat, Waves and sound, Optics, Electricity and Magnetism နဲ့ Modern Physics ဖြစ်ပါတယ်။ သက်ဆိုင်ရာအပိုင်းလိုက်တွင် အခန်းတစ်ခုစီအလိုက် Laws, Definition, Formula, Diagram, Units, Example, Question and Problem တွေအားလုံးကို လေ့လာထားစေလိုပါတယ်။

ကွက်လပ်ဖြည့်မေးခွန်း၊ မှား/မှန် မေးခွန်းများအတွက် အဖြေမှန်ရရန် ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကျေညက်အောင် ဖတ်ရှုလေ့လာမှတ်သားရန်လိုပါတယ်။

Fill in the blanks. တွင် နမူနာဖြေဆိုပြပါမယ်။

Q. The liquid pressure is directly proportional to the height of the liquid column and the ....

Ans. density

အရည်ထဲရှိဖိအားသည်liquid column ၏ အမြင့် h နဲ့ density ρ ပေါ်မှာ တိုက်ရိုက်မှီခိုပါတယ်။ အဖြေက density ဖြစ်ပါတယ်။

Are the following statements True (OR) False? တွင် နမူနာဖြေဆိုပြပါမယ်။

Q. Archimedes' principle is true only for liquids.

Ans. False

Archimedes' principle သည် liquids နဲ့ gas အတွက်သုံးပြုနိုင်ပါတယ်။

အဖြေက False ဖြစ်ပါတယ်။

လေ့လာရာမှာ သိထားသင့်တာကတော့ ပထမအချက်က Theory ဖြေဆိုမှုအပိုင်းမှာ Laws, definition များတွင် အပိုင်းလိုက်အမှတ်ခွဲဝေပေးပါတယ်။ စာသားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အဓိကထားရေးမှ ပြည့်စုံပါမယ်။

Q. Using Snell's law, define the refractive index in words and in symbols.

Ans Snell's law ကိုသုံးပြီး refractive index ကို စာသားနဲ့ရော သင်္ကေတနဲ့ပါ ရေးခိုင်းတာပါ။The ratio of the sine of the angle of incidence to the sine of the angle of refraction is always a constant. That constant is the refractive index of the medium through which the refracted ray passes.

In symbols, $n = \dfrac{\sin i}{\sin r}$

n = the refractive index of the medium through which the refracted ray passes,
i = the angle of incidence, r = the angle of refraction

စာနဲ့သာဖြေထားရင် စာအတွက်အမှတ်သာရပါမယ်။ symbols သာဖြေခဲ့ရင်လည်း symbols အတွက်ပေးမှတ်သာရပါမယ်။ symbols နဲ့ဖြေတဲ့အခါတစ်ခုချင်းကို ရှင်းပြဖို့လိုအပ်ပါတယ်။

Q. State Joule's law of electricity and heat.

Ans မေးခွန်းက Joule's law of electricity and heat ကိုဖော်ပြခိုင်းတာပါ။

အဖြေက The amount of heat produced in a resistor due to a current flowing through it is directly proportional to the square of the current, the value of resistance and the time taken by the current to pass through the resistor.

$$H = \frac{I^2Rt}{J}$$

where H = amount of heat produced, I = current, R = resistance, t = time,
J = a constant called Joule's mechanical equivalent of heat

ဒုတိယအချက်က Problems ဖြေရှင်းမှုတွင် ပေးထားချက်များချရေးမှုကိုလည်း အမှတ်ပေးပါတယ်။ နောက်ဆုံးရလဒ်အဖြေတွင် ယူနစ်များအတွက် အမှတ်သီးသန့်ခွဲခြားပေးထားပါတယ်။ တွက်နည်းမတူဘဲတွက်ပါက မှန်ကန်သောနည်းဖြင့်တွက်လျှင်လည်း အဆင့်အလိုက် အမှတ်ပြည့်ပေးပါတယ်။

Q. The area of each plate of a parallel-plate capacitor is 4 m^2 and the distance between two plates is 5 mm. If the dielectric constant of the material inserted between them is 2, find the capacitance of the parallel-plate capacitor. ($\varepsilon_0 = 8.85 \times 10^{-12}\ C^2\ N^{-1}\ m^{-2}$)

Ans Parallel plate capacitor တစ်ခုရဲ့ area = A = 4 m^2

distance between two plates $= d = 5\,mm = 5\times10^{-3}$ m

d = 5 mm ကို m အဖြစ် unit ပြောင်းရပါမယ်။ unit မပြောင်းဘဲတွက်ခဲ့ရင် အဖြေမှန်မရပါ။ အမှတ်ပြည့်မရတော့ပါ။ dielectric constant = $\kappa = 2$ ပေးထားပြီး capacitance (C) ကို မေးထားတာပါ။ အဖြေက

$$C = \kappa\varepsilon_0 \frac{A}{d} = 2\times8.85\times10^{-12}\times\frac{4}{5\times10^{-3}} = 14.16\times10^{-9}F$$

Q. The wave velocity in the highest frequency violin string is 530 m s^{-1} and its length l is 0.55 m. If a violin player lightly touches the string at a point which is at a distance l/3 from one end, a node is formed at that point. What is the lowest frequency that can now be produced by the string?

Ans မေးခွန်းက stretched string frequency calculation ပါ။ အဖြေက

It is the third harmonic. (n = 3) l = 0.55 m, v = 530 m s^{-1}, f_3 = ?

$$f_n = \frac{nv}{2l} \qquad \lambda_3 = \frac{2l}{3}$$
$$f_3 = \frac{3v}{2l} \qquad \text{(OR)} \qquad f_3 = \frac{v}{\lambda_3}$$
$$f_3 = \frac{3\times530}{2\times0.55} \qquad f_3 = \frac{3v}{2l}$$
$$f_3 = 1445\ Hz$$

ကြိုက်ရာတစ်နည်းတွက်နိုင်ပါတယ်။ ပုစ္ဆာတွက်တဲ့အခါ အဆင့်လိုက်မှန်အောင် တွက်ပေးဖို့လိုအပ်ပါတယ်။ အဖြေများမှာ unit များကို မှန်အောင်ထည့်ပေးရပါမယ်။ unit မှားခဲ့ရင် unit အတွက် အမှတ်လျော့မှာဖြစ်ပါတယ်။

တတိယအချက်က ပုံရေးဆွဲဖြေဆိုမှုဖြစ်ပါတယ်။ ပုံမှန်ကန်မှုတွင် အပိုင်းလိုက်အမှတ်ခွဲဝေပေးပါတယ်။ Label တပ်ခြင်းမှန်ကန်မှုတွင် အရေအတွက်နှင့် အမှတ်ခွဲဝေပေးပါတယ်။

Q. Draw a ray diagram of a convex lens when the object is between F and 2F. Describe the properties of the image for this case.

Ans. convex lens ရဲ့ F နဲ့ 2F ကြားမှာ object ထားပြီး image formation ရဲ့ ပုံကိုဆွဲခိုင်းပါတယ်။ image properties ကို ရေးခိုင်းပါတယ်။ ray diagram ဆွဲတဲ့အခါ အလင်းတန်းများ မှန်ကန်အောင်ဆွဲရပါမယ်။ မြားထည့်ပေးရပါမယ်။ ပုံရိပ်စစ် (သို့မဟုတ်) ပုံရိပ်ယောင်ကိုလည်း မှန်အောင်ဆွဲပြီး labels များပြည့်စုံရင်ပေးမှတ်အပြည့် ရနိုင်ပါတယ်။



The image is
- beyond 2F
- real
- inverted
- larger than the object

Q. (i) What is a transistor? (ii) Draw a circuit diagram in which the emitter is forward-bias and the collector is reversed-bias (iii) State two properties of Cathode rays.

Ans. ပထမမေးခွန်းက Transistor ဆိုတာ ဘာလဲမေးတာပါ။ အဖြေက

(i) A transistor is a semiconductor device which works as an amplifier.

ဒုတိယမေးခွန်းက Transistor biasing circuit ကို ဆွဲခိုင်းတာပါ။ အဖြေက (ii)

Transistor Biasing circuit

circuit diagram မှာ current directions, labels, battery ရဲ့ polarities ကို မှန်အောင် ထည့်ရပါမယ်။ ဒါမှ ပုံအတွက်ပေးမှတ်အပြည့်ရပါမယ်။

(iii) တတိယမေးခွန်းက cathode rays properties ထဲမှ (၂)ခုကို ဖော်ပြခိုင်းတာပါ။ အဖြေက အောက်မှာပေးထားတဲ့ အထဲက (၂)ခု ရေးရမှာပါ။

1. Cathode rays travel in straight lines.
2. Cathode rays have momentum and kinetic energy.
3. Cathode rays consist of negatively charged particles.
4. Cathode rays can be deflected by electric field as well as magnetic field.

Q Find the force on the centre charge q in the figure shown below.
($q_1 = +4 \times 10^{-6}$ C, $q = -5 \times 10^{-6}$ C and $q_2 = +9 \times 10^{-6}$ C)

Ans မေးခွန်းက centre charge ပေါ်သက်ရောက်တဲ့လျှပ်စစ်အားကိုမေးတာပါ။

ပေးချက်က $q_1 = +4 \times 10^{-6}$ C, $q = -5 \times 10^{-6}$ C and $q_2 = +9 \times 10^{-6}$ C

q_1နှင့် q ကြားအကွာအဝေး = r_1=2 m

q နှင့် q_2 ကြားအကွာအဝေး = r_2=3 m

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

မော်လိုက်မြို့နယ် ခားသွေးကျောက်ချောင်းဒေသနှင့် ရှာင်မြို့နယ် မင်းပလောင်ဒေသတို့၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ကျောက်မီးသွေး အကြီးစား တူးဖော် ထုတ်လုပ်မှု လုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့၌ ကျောက်မီးသွေးအကြီးစား တူးဖော်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၉

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနှင့် လေးဦးအဖွဲ့ သတ္တုလုပ်ငန်းကုမ္ပဏီလီမိတက်တို့၏ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ် ခားသွေးကျောက်ချောင်းဒေသနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာင်မြို့နယ် မင်းပလောင်ဒေသတို့၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ကျောက်မီးသွေးအကြီးစား တူးဖော်ထုတ်လုပ်မှု လုပ်ငန်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ လေးဦးအဖွဲ့ သတ္တုလုပ်ငန်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၅)နှင့် (၁၆)တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာရပ် သင်ခန်းစာကို ဖော်ပြထားပါသည်။

ယနေ့ နိုင်ငံတကာ သတင်းအညွှန်း

- ❑ ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့စားနပ်ရိက္ခာ ထုတ်လုပ်မှုကို ထိခိုက်နိုင်
  ယခု ဆယ်စုနှစ်အကုန်တွင် ကမ္ဘာ့လူဦးရေ ၂၀ ရာခိုင်နှုန်း ငတ်မွတ်ခေါင်းပါးဖွယ်ရှိ စာမျက်နှာ - ၇

လီဗာပူးမှ ဘာဘယ် ယူရီ ခနစ်သန်းဖြင့် ဟော့ဖန်ဟိန်းသို့ ပြောင်းရွှေ့ စာမျက်နှာ - ၁၀

ဝေါ့ဇ်နက်ကီ၊ ရှာရာပိုဗာနှင့် ကင်ကလစ္စတား တို့ နိုင်ပွဲဆက် စာမျက်နှာ - ၁၀